ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (24-8-2004) (၄၃၃၅)

ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၄ခုနှစ် ဩဂုတ် ၂၄ရက်၌ ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာ လီယိုနစ်ဒ်၊ဒီ၊ကူချ်မာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယူကရိန်းလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၄ခုနှစ် ဩဂုတ် ၂၄ရက်၌ ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ ယူကရိန်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဗစ်တာ၊ ယာနုကိုဗစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင် အထက(၅) ပညာရည်မြင့်မားရေး ခေတ်မီအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး ခေတ်မီအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၄-၈-၂၀၀၄
(အင်္ဂါနေ့)

ကုန်ထုတ်လုပ်မှု အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက် အရည်အသွေးမီကုန်ပစ္စည်းများ စွမ်းအားပြည့်ထုတ်လုပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးတို့အတွက် ဘက်စုံ၊ထောင့်စုံ၊ကဏ္ဍစုံတွင် စီမံကိန်းများ စနစ်တကျချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပြည်သူများ၏ စားဝတ်နေရေး ဖူလုံပြည့်စုံစေရန် အစီအမံများကို ချမှတ်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်၏ လက်ရှိလူဦးရေအတွက်သာမက နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ စားနပ်ရိက္ခာ ဖူလုံပြည့်စုံမှုရှိရေး စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်လာစေရန် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးဆိုင်ရာ အခြေခံလိုအပ်ချက်များ ပြည့်စုံနေရန်လိုအပ်သကဲ့သို့ တိုင်းပြည် ချမ်းသာကြွယ်ဝစေရန်လည်း လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်း ခိုင်မာရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်က စိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုနှင့် အခြားသောကုန်ထုတ်လုပ်မှု ကဏ္ဍအသီးသီး၌ ပြည်ပပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာရေးတို့ကို တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂၁ ရက်နေ့က ဝန်ကြီးဌာနသင်တန်းခန်းမဆောင်၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း တက်ရောက်ပြီး စက်ရုံများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ကုန်ကြမ်းများ ပြတ်လပ်မှု မရှိရေး၊ စက်အရန်ပစ္စည်းများ အသင့်ထားရှိရေး၊ ထုတ်လုပ်မှုရည်မှန်းချက်များပြည့်မီ၍ ကုန်ချောပစ္စည်းများ အရည်အသွေးကောင်းမွန်ရေးတို့အတွက် စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရေးများ မှာကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ထူးချွန်စက်ရုံ ပထမဆုရ ကြံခင်းဘိလပ်မြေစက်ရုံအမှတ်(၂)၊ ထူးချွန် ဝင်းသူဇာအရောင်းဆိုင် ပထမဆုရ ဝါးတန်းဝင်းသူဇာအရောင်းဆိုင်၊ ဘဏ္ဍာရေးနှစ်ချုပ် စာရင်းရေးဆွဲမှု အုပ်စု(က) စက်ရုံအစုအတွက် ပူးတွဲပထမဆုရ ပလိပ်ချည်မျှင်နှင့်အထည်စက်ရုံနှင့် စစ်ကိုင်းချည်မျှင်နှင့်အထည်စက်ရုံ၊ အုပ်စု(ခ)စက်ရုံများအစုအတွက် ပူးတွဲပထမဆုရ အဆင့်မြင့်မီးခံအုတ်စက်ရုံနှင့် အင်္ဂတေပစ္စည်းစက်ရုံတို့နှင့် အခြားဆုအသီးသီးရရှိကြသည့် စက်ရုံများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရန် စက်ရုံအသစ်များကို တိုးချဲ့တည်ဆောက်ခြင်းနှင့်အတူ ကုန်ထုတ်လုပ်မှုမြင့်မားရေး ကြိုးပမ်းလုပ်ကိုင်လျက်ရှိသည်။ ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများကိုသာမက ဖြန့်ဖြူးမှုလုပ်ငန်းများကိုပါ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပြည်သူများလက်ဝယ်သို့ အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ ချိုသာသောဈေးနှုန်းဖြင့်ရောက်ရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုမြင့်မားရေး၊ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများအလိုက် ကုန်ထုတ်လုပ်မှုရည်မှန်းချက်များနှင့်အညီ အရည်အသွေးမီ ကုန်ပစ္စည်းများ စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး အခြေခံ(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၂၂) ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် စည်းရုံးရေးအခြေခံ(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂၂)ဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ စည်းရုံးရေး အခြေခံ(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၂၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းအတွက် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအတွက် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းရာ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဉာဏ်ဝင်းက လက်ခံသည်။

ထို့နောက် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သင်တန်းအတွက် လှူဒါန်းသည့် ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းထံ ပေးအပ်လှူဒါန်းပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနား တက်ရောက်လာကြသူများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး အခြေခံ(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၂၂)ဖွင့်ပွဲ အခမ်းအနားတွင် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ပေးအပ်လှူဒါန်းရာ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်း လက်ခံယူစဉ်။

(သတင်းစဉ်)

မြန်မာ့စိတ်ဓာတ်

✦ အိမ်နီးချင်းပေါ်၊ မလျော်အမှု
မပြုဘယ်ခါ၊ဒို့မြန်မာ။

✦ ဒေသအတွင်း၊ ရောင်းရင်းရဲဘော်
လက်တွဲဖော်ကို၊ မလျော်အမှု
မပြုဘယ်ခါ၊ ဒို့မြန်မာ။

✦ နိုင်ငံတကာ၊ ဆက်ဆံရာလည်း
သူ့တာကိုယ့်စည်း၊ စောင့်စည်းမပြတ်
သတိချပ်လျက်၊ မအပ်မရာ
ဝင်မပါသို့၊ ကိုယ့်တာအတွင်း
သူချင်းနင်းလျှင်၊ တင်းတင်းကျပ်ကျပ်
မပြတ်ဆီးကာ၊ ဒို့မြန်မာ။

✦ မလျော်အမှု၊ ကိုယ်မပြုသို့
သူပြုမခံ၊ ပုံမှန်စိတ်ထား
အမြဲထားလည်း၊ သူ့အားကျိုးပြု
ကိုယ့်ကျိုးပြုသည့်၊ အမှုကိစ္စ
အဝဝတွင်၊ လုံးဝမရှောင်
ထူထောင်လက်တွဲ၊ မေတ္တာကဲလျက်
အမြဲပါဝင်၊ တွေးမြော်မြင်ပြီး
အစဉ်လုပ်တာ၊ ဒို့မြန်မာ။ ။

ဖိုးဝ

နိုင်ငံတကာ သတင်းများ

ကန်တပ်ဖွဲ့နှင့် ဆာဒါကိုသစ္စာခံသော ခုခံရေးသမားများ တိုက်ခိုက်နေကြဆဲဖြစ်

နာဂျက်ဖ် ဩဂုတ် ၂၂

အီရတ်နိုင်ငံ အထွတ်အမြတ်ထားရာ နာဂျက်ဖ်မြို့တွင် တိုက်ပွဲများဖြစ်ပွားနေသည်မှာ သီတင်းနှစ်ပတ်ရှိသွားပြီဖြစ်သည်။ ထိုမငြိမ်မသက်မှုများကို အေးချမ်းအောင် ကြိုးပမ်းနေသည့်ကြားမှပင် အမေရိကန်တပ်ဖွဲ့နှင့် ရှီးယိုက်ခေါင်းဆောင် မိုတာဒါဆာဒါကိုသစ္စာခံသော ခုခံရေးသမားများ တိုက်ခိုက်နေကြဆဲဖြစ်သည်။ ဩဂုတ်၂၀ရက်က ရရှိသောသတင်းတွင် ဆာဒါ၏တပ်ဖွဲ့များသည် လက်နက်များကို အီမန်အလီဝတ်ကျောင်းတော်ပြင်ပသို့ ရွှေ့လိုက်ကြပြီဖြစ်သော်လည်း ဝတ်ကျောင်းကိုမူ ဆက်လက်ထိန်းချုပ်ထားဆဲဖြစ်ကြောင်း သိရသည်။

ဆာဒါ၏ တိုက်ခိုက်ရေးသမားများမှာ ဝတ်ကျောင်းအတွင်း၌ ရှိနေကြဆဲဖြစ်သော်လည်း လက်နက်များကိုမူ ဝင်းပြင်ပသို့ ထုတ်ထားခဲ့ကြသည်ဟု ဆိုသည်။

ဝတ်ကျောင်းဝင်း၏ ပြင်ပ တံတိုင်းဝန်းကျင်၌မူ လက်နက်စွဲကိုင်ထားကြသော အီရတ် ခုခံရေးသမားများသွားလာနေသည်ကို တွေ့မြင်နေရဆဲဖြစ်ကြောင်း တရုတ်အပြည်ပြည်ဆိုင်ရာ ရေဒီယိုသတင်းတွင် ဖော်ပြသွားသည်။

မိုတာဒါဆာဒါသည် ရှီးယိုက်များ၏ အာဏာပိုင် အကြီးအမှူးထံသို့ ဝတ်ကျောင်းဒေသကို လွှဲအပ်ပေးရန် သဘောတူပြီးဖြစ်ကြောင်း သိရသည်။ ဆာဒါက အထွတ်အမြတ်နယ်မြေကို အယာတိုလာ အလီအယ်လ်ဟူစန်နီ အယ်လ်စစ္စတာနီ၏လက်သို့ လွှဲအပ်ပေးမည်ဖြစ်သည်။

သို့ရာတွင် ဝတ်ကျောင်းဒေသကြီးကို လွှဲအပ်ရာ၌ အသေးစိတ်အားဖြင့် မည်သို့မည်ပုံ လုပ်ဆောင်မည်ဆိုသော အချက်အလက်များကို မသိရသေးဘဲ ရှိသည်။

ပြီးခဲ့သော သောကြာနေ့တွင် အီရတ်ဝန်ကြီးချုပ်သည် ဆာဒါ၏ ခုခံရေးသမားများ ထွက်မပေးလျှင် ဝတ်ကျောင်းဒေသကို တိုက်ခိုက်မည်ဆိုသော ခြိမ်းခြောက်မှုကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

ဝန်ကြီးချုပ်နှင့် ၎င်း၏အစိုးရအဖွဲ့သည် အယ်လ်ဆာဒါကို နိုင်ငံရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် လိုလားနေကြောင်း အီရတ်ဝန်ကြီးချုပ် အာလာဝီ၏ လုံခြုံရေးအကြံပေး ပုဂ္ဂိုလ်က ပြောကြားသည်။

အီရတ် ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆဘားခါဟင်က ပြီးခဲ့သောသောကြာနေ့တွင် အီရတ်ရဲတပ်ဖွဲ့များက ဝတ်ကျောင်းအတွင်း ဝင်ရောက်ခဲ့ပြီး ခုခံရေးသမား ၄၀၀ ကျော်ကို ဖမ်းဆီးလိုက်ကြောင်း ပြောကြားခဲ့သည့်အတွက် သတင်းများမှာ ရှုပ်ထွေးကုန်ရသည်။

အင်တာနက်၊ဆင်ဟွာ။



အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆာရာမြို့တွင် ဗြိတိသျှ တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် ရှီးယိုက်ခုခံရေးသမားများကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်နိုင်ငံတွင် ပြင်သစ်သတင်းစာဆရာနှစ်ဦး ပျောက်ဆုံးနေ

ပါရီ ဩဂုတ် ၂၂

ပြင်သစ်နိုင်ငံသား သတင်းစာဆရာနှစ်ဦး အီရတ်နိုင်ငံတွင် ပျောက်ဆုံးလျက်ရှိနေပြီး ၎င်းတို့၏သတင်းကို ကြာသပတေးနေ့မှစတင်ပြီး မကြားသိရကြောင်း ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့က ပြောကြားသည်။

လာဖီဂရိုစာစောင်မှ ဂျော့ဂျ်၊ မာအရူနော့နှင့် နိုင်ငံတကာ ပြင်သစ် ရေဒီယိုအသံလွှင့်ဌာနမှ ခရစ်တီယန် ချက်စနော့တို့သည် လုပ်ငန်းအတူတူ လုပ်ကိုင်နေသူများဖြစ်ပြီး လွန်ခဲ့သည့် နှစ်အတွင်းက အီရတ်နှင့် ပတ်သက်သည့် စာအုပ်ကို ထုတ်ဝေခဲ့သူများဖြစ်ကြောင်း၊ ၎င်းတို့နေထိုင်သည့် နေရာသို့ ပြန်ရောက်မလာသည်မှာ နှစ်ရက်ကျော်ရှိနေပြီ ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

သတင်းစုဆောင်း

ပြင်သစ်သံရုံးက ယင်းတို့နှင့် သက်ဆိုင်သည့် သတင်းများ စုဆောင်းလျက်ရှိကြောင်း၊ သို့ရာတွင် ယခုအချိန်အထိ ၎င်းတို့အား ရှာပုံတော်ဖွင့်ရေးကိစ္စ လုပ်နိုင်ခြင်းမရှိသေးကြောင်း ၎င်းဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

ယင်း သတင်းထောက်နှစ်ဦးက နာဂျက်ဖ်မြို့မှ သတင်းပေးပို့နေသည်ဟုတ်၊ မဟုတ် သဲသဲကွဲကွဲ မသိရှိရသေးပေ။ နာဂျက်ဖ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အယ်လ်ဆာဒါ၏ လက်နက်ကိုင် တပ်သားများအား တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ် အိမ်နီးချင်းနိုင်ငံများ အရေးပေါ် စည်းဝေးရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ကာရာဇီ တိုက်တွန်း

တီဟီရန် ဩဂုတ် ၂၂

အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြဿနာများ အဆုံးသတ်စေရေးအတွက် ယင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ အရေးပေါ် အစည်းအဝေးကျင်းပရန် အီရန်နိုင်ငံခြားရေးဝန်ကြီးက သောကြာနေ့တွင် တောင်းဆိုလိုက်ကြောင်း အိုင်အာအင်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

တယ်လီဖုန်းဆက်သွယ်

အီရတ်ပြဿနာ အဖြေရှာနိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများက ဝိုင်းဝန်းဆွေးနွေးရန် အချိန်တန်ပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ကာမဲလ်ကာရာဇီက ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး မာဝန်မိုအက်ရှားနှင့် တယ်လီဖုန်းဆက်သွယ် ပြောဆိုရာတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေများမှာ စိုးရိမ်ပူပန်စရာကောင်းလှကြောင်း၊ အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ အဆုံးသတ်ပြီး ဘာသာရေးအရ အလေးအမြတ်ပြုရာနေရာများအား ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ကာရာဇီက ပြောကြားသည်။

အီရန်နှင့် ဂျော်ဒန်နိုင်ငံတို့အပြင် အီရတ်နှင့်ထိစပ်နေသည့် အိမ်နီးချင်းအခြားလေးနိုင်ငံမှာ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ဆီးရီးယားနှင့် တူရကီနိုင်ငံတို့ဖြစ်ကြသည်။

အဆိုပါနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် အီရတ်နိုင်ငံကို အမေရိကန် ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစ၍ တွေ့ဆုံဆွေးနွေးမှုများ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့သည်။

အီရတ်၏ အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ အီဂျစ် နိုင်ငံ ကိုင်ရိုမြို့တွင် ဇူလိုင် ၂၁ ရက်က နောက်ဆုံး တွေ့ဆုံခဲ့ကြရာ၌ အီရတ်နိုင်ငံ၌ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးတွင် အိမ်နီးချင်းနိုင်ငံများက ပါဝင်ကူညီပါရန် တိုက်တွန်းသည့် အီရတ်ကြားဖြတ်အစိုးရအဖွဲ့၏ ပန်ကြားချက်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

နာဂျက်ဖ်မြို့ရှိ အီမန်အလီ ဝတ်ကျောင်းတော်ကြီးအတွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်ခြင်း မပြုရန် ကာရာဇီက သတိပေးခဲ့သည်။

နာဂျက်ဖ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေနှင့်ပတ်သက်၍ ဆီးရီးယားနိုင်ငံကလည်း စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေသည်ဆို၏။ ***အင်တာနက်။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ အဆောက်အအုံတစ်ခုအား စီးနင်းဝင်ရောက် ရှာဖွေနေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဟီလာမြို့အနီး ကားဗုံးပေါက်ကွဲ၊ ပိုလန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဝါဆော ဩဂုတ် ၂၂

အီရတ်နိုင်ငံတောင်ပိုင်း ဟီလာမြို့အနီးတွင် စနေနေ့က ကားဗုံးပေါက်ကွဲမှုကြောင့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း ပိုလန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကို ကိုးကားလျက် ပီအေပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပိုလန်တပ်ဖွဲ့ဝင်များ၏ ကာကွယ်စောင့်ရှောက်မှုဖြင့် ထရပ်ကား၁၉စီးပါရှိသော မော်တော်ယာဉ်တန်းဖြတ်သန်းမောင်းနှင်နေစဉ် ရပ်နားထားသောကားတစ်စီးမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ပိုလန် စစ်ဦးစီးကွပ်ကဲမှုအောက်ရှိ နိုင်ငံစုံတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးအာပါဒိုမန်စကီးက ပြောကြားသည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပိုလန်တပ်ဖွဲ့ဝင်များက ၎င်းတို့အား တိုက်ခိုက်သူများကို ပစ်ခတ်ခဲ့ရာ လူအချို့သေဆုံးကြောင်း၊ ယင်းဖြစ်စဉ်သည် စနေနေ့ မွန်းတည့်ချိန် ဝန်းကျင်တွင် ဖြစ်ပွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ချက်ဗရိုလက်ကားအတွင်း ဗုံးထောင်ကာ ရေဒီယိုစနစ်ကိုအသုံးပြု၍ အဝေးမှဖောက်ခွဲခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ပေါက်ကွဲသံကြီးကို မိုင်အတန်ကွာဝေးသောနေရာမှပင် ကြားကြရသည်။ ထိခိုက်ဒဏ်ရာရရှိသူများကို ကာဘာလာနှင့် ဘဂ္ဂဒက်မြို့တို့ရှိ ဆေးရုံများသို့ ပို့ဆောင်နိုင်ရန် ရဟတ်ယာဉ်ဖြင့် သယ်ဆောင်သွားပြီး ဒဏ်ရာရသူ တပ်ဖွဲ့ဝင်အချို့ကို ဟီလာရှိ စစ်အခြေစိုက်စခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း ပြောရေးဆိုခွင့် ရှိသူက ပြောကြားသည်။ အီရတ်နိုင်ငံတွင် ပြီးခဲ့သည့် ကြာသပတေးနေ့က ပိုလန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသောဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ချုံခိုတိုက်ခိုက်မှုဖြစ်ပွားစဉ် ပိုလန်တပ်ဖွဲ့ဝင်များ ထွက်ပြေး တိမ်းရှောင်ရာမှ ကားမှောက်မှုဖြစ်ပွားကာ ယင်းသို့ သေဆုံးဒဏ်ရာရခြင်း ဖြစ်သည်။

ပိုလန်နိုင်ငံမှတပ်ဖွဲ့ဝင်များ သေဆုံးရမှုမှာ အီရတ်စစ်ပွဲ စတင်ခဲ့ချိန်မှစ၍ ယခုအချိန်ထိ ၁၄ဦး ရှိခဲ့ပြီဖြစ်သည်။ ယင်း ၁၄ဦးအနက် ၁၀ဦးမှာ တပ်ဖွဲ့ဝင်များဖြစ်ပြီး လေးဦးမှာ အရပ်သားများ ဖြစ်ကြသည်။ အမေရိကန်၏ မဟာမိတ်ပိုလန်နိုင်ငံသည် ဘဂ္ဂဒက်တောင်ဘက်ဒေသတွင် တပ်ဖွဲ့ဝင်အင်အား ၆၅၀၀ရှိ နိုင်ငံစုံတပ်ဖွဲ့တစ်ဖွဲ့ကို ဦးဆောင်လျက်ရှိသည်။

ပိုလန်နိုင်ငံသည် ၂၀၀၅ ခုနှစ် နှစ်ဆန်းတွင် တပ်ဖွဲ့အင်အား လျှော့ချသွားရန် ရည်မှန်းထားသည်။ ယခုလအစောပိုင်းက အီရတ်ရှိ ပိုလန်တပ်ဖွဲ့က ထိန်းချုပ်ထားသော ပြည်နယ် ငါးပြည်နယ်အနက် နှစ်ပြည်နယ်ကို အမေရိကန်တပ်ဖွဲ့ထံ လွှဲပြောင်းပေးခဲ့သည်။

အင်တာနက်။

ရေနံမှောင်ခိုခိုးထုတ်ရန် ကြံစည်မှု အီရတ်အစိုးရဟန့်တား

ဘဂ္ဂဒက် ဩဂုတ် ၂၂

အီရတ်ရေနံများကို မှောင်ခိုခိုးထုတ်ရာတွင် အသုံးပြုသည့် ရေနံတင်ပို့သော ကွန်တိန်နာ(ကုန်သေတ္တာ) အလုံး ၁၀၀နှင့် သင်္ဘောအစင်း ၂၀ ကို သိမ်းဆည်းမိကြောင်း အီရတ်နိုင်ငံတောင်ပိုင်း နယ်စပ်နှင့် အကောက်ခွန်ဌာနက ကြေညာသည်ဟု အီရတ်နိုင်ငံထုတ် သတင်းစာတစ်စောင်က စနေနေ့တွင် ဖော်ပြသည်။

ရေနံလီတာ ၃၆၀၀၀စီ ထည့်နိုင်သည့် ကုန်သေတ္တာများနှင့် သင်္ဘောများသည် အီရတ်နိုင်ငံတောင်ပိုင်း နယ်စပ်မှထွက်ပြီး ပင်လယ်ကွေ့မှ တစ်ဆင့် ရေနံများကို မှောင်ခို ခိုးထုတ်ရန် အဆင်သင့်ရှိနေကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။ အီရတ် ခုခံရေးသမားများ၏ တိုက်ခိုက်မှုများနှင့် မှောင်ခိုလုပ်ငန်းများကြောင့် အီရတ် ရေနံလုပ်ငန်း၏ ဆုံးရှုံးမှုပမာဏသည် ဒေါ်လာ သန်း ၂၀၀၀ ခန့်ရှိကြောင်း အီရတ် ရေနံဝန်ကြီး သာမာဂါဆန်က သောကြာနေ့က ပြောကြားသည်။

ကြိုးပမ်း

ရေနံလုပ်ငန်းမှ မှောင်ခို ခိုးထုတ်မှုများ ရပ်ဆိုင်းသွားရေးအတွက် အီရတ်နိုင်ငံ၏ နယ်စပ်များကို ထိန်းချုပ်ရန် အီရတ် အကောက်ခွန်ရဲတပ်ဖွဲ့က အီရတ်နိုင်ငံတစ်ဝန်းလုံး၌ အစွမ်းကုန် အားထုတ်ကြိုးပမ်းလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ရာမာဒီမြို့တွင် ရဲတပ်ဖွဲ့အကြီးအကဲ သေနတ်ဖြင့် ပစ်သတ်ခံရ

ရာမာဒီ(အီရတ်) ဩဂုတ် ၂၂

အီရတ်နိုင်ငံ တစ်ဝန်းတွင် တိုက်ခိုက်မှုများကြောင့် အီရတ်လေးဦး သေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိစဉ် အီရတ်နိုင်ငံ အနောက်ပိုင်းမှ မငြိမ်မသက်ဖြစ်နေသည့် ရာမာဒီမြို့တွင် အီရတ်ဝါရင့်ရဲအရာရှိတစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများက ပြောကြားသည်။

အီရတ် ဆွန်နီတိုက်ခိုက်ရေးသမားများ လှုပ်ရှားရာ ရာမာဒီမြို့မှ မှုခင်းတိုက်ဖျက်ရေးတပ်ဖွဲ့ အကြီးအကဲ ဗိုလ်မှူးကြီးအယ်လ်ဒူလိုင်မီသည် နံနက် ၃နာရီခန့်တွင် နေအိမ်မှ ထွက်ခွာလာစဉ် သေနတ်ပစ်သတ်ခံရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဗိုလ်ကြီး ဂါဆန်ကာဟင်က ပြောကြားသည်။

ရဲတပ်ဖွဲ့ ဗိုလ်မှူးကြီး သေဆုံးသည့်သတင်းကို ရာမာဒီမြို့မှ ဆရာဝန်တစ်ဦးက အတည်ပြု ပြောကြားသည်။ တစ်ချိန်တည်းခန့်တွင် အီရတ်နိုင်ငံမြောက်ပိုင်း ဘာကူဘာမြို့တွင် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲရာ ဈေးသည်တစ်ဦး သေဆုံးပြီး အမှိုက်သိမ်းသမားငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ပြောကြားသည်။

သေဆုံးသူ ဈေးသည်မှာ ခတ်ငွေ့ဘူးများ ရောင်းချသူဖြစ်ပြီး ဒဏ်ရာရသူများမှာ အမှိုက်သိမ်းသမားများ ဖြစ်ကြသည်။ မိမိတို့ သိရှိရသလောက်ဆိုလျှင် အဆိုပါ လမ်းဘေးဗုံးသည် အမေရိကန် စစ်ယာဉ်တန်းကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သော်လည်း စစ်ယာဉ်တန်း မရောက်ရှိမီ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။

ဘာကူဘာမြို့၌ပင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး၏ အစားအစာထည့်သည့်အိတ်ဟု ထင်ရသည့် အိတ်ကို ဖွင့်ကြည့်ရာတွင် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အခြား အမှိုက်သိမ်းသမားတစ်ဦး သေဆုံးပြီး အခြားလူတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ပုလင်းတစ်ပုလင်းနှင့် တူသည့် အတွင်းမှ ဗုံးမှာ ၎င်းတို့၏ လက်ထဲအရောက်တွင် နံနက် ၉နာရီခန့်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများက ပြောကြားသည်။

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ယာဉ်တန်းဖြတ်သန်းနေစဉ် လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ဗိုလ်ကြီးမိုဟာမက်အဗ္ဗဒယ်က ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုတွင် အီရတ်အရပ်သား သုံးဦးနှင့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် နှစ်ဦးတို့လည်း ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံဆရာဝန်တစ်ဦးက ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အဆောက်အအုံတစ်ခုအား စီးနင်းဝင်ရောက်ရှာဖွေနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီမန်အလီဝတ်ကျောင်းတော် ထိန်းချုပ်ရေး ဆွေးနွေး နာဂျက်ဖ်မြို့ကို မီဒီတပ်ဖွဲ့က ကာကွယ်စောင့်ရှောက်မည်

ဘဂ္ဂဒက် ဩဂုတ် ၂၂

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများအကြား တင်းမာနေမှု အဆုံးသတ်ကာ ငြိမ်းချမ်းစွာအဖြေရှာနိုင်ရန် မျှော်လင့်လျက် အီမန်အလီဝတ်ကျောင်းတော်ကို ထိန်းချုပ်ရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ ထိပ်တန်းလက်ထောက်တစ်ဦးက စနေနေ့တွင်ပြောကြားသည်။

ညှိနှိုင်းမည်

မိမိသည် အယာတိုလာစစ္စတာနီ၏ရုံးသို့ သွားရောက်ကာ တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာဖြင့် ပြဿနာကို ဖြေရှင်းနိုင်ရန် အစီအမံများပြုလုပ်လျက်ရှိကြောင်း ဆာဒါ၏လက်ထောက်ဖြစ်သူ ရှိတ်အာမက်ရှာယီဘာနီက ပြောကြားသည်။

ထိုစဉ်အတွင်း အယာတိုလာစစ္စတာနီ၏ နောက်လိုက်နောက်ပါများထံသို့ အီမန်အလီ ဝတ်ကျောင်းတော်ကြီးကို လွှဲပြောင်းပေးအပ်မည့် အစီအစဉ်အသေးစိတ်ကို အနီးကပ်ညှိနှိုင်းနေကြောင်း ရှာယီဘာနီက ပြောကြားသည်။ အဆိုပါကျောင်းတော်ကြီး၏သော့များကို စစ္စတာနီ၏ ကိုယ်စားလှယ်များထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း ရှာယီဘာနီက ပြောကြားသည်။ စစ္စတာနီသည် နှလုံးရောဂါကို ကုသမှုခံယူနိုင်ရန် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဆေးရုံတစ်ရုံတွင် ရှိနေသည်။

စောင့်ရှောက်မည်

အီမန်အလီကျောင်းတော်၏ သော့များကို လွှဲပြောင်းပေးပြီးဖြစ်သော်လည်း ကျောင်းတော်ကို လွှဲပြောင်းပေးအပ်ခြင်း မရှိသေးကြောင်း၊ ကျောင်းတော်ကို စစ္စတာနီထံသို့ လွှဲပြောင်းပေးပြီး ဖြစ်လျှင်သော်မှ ယင်းကျောင်းတော်ကို မီဒီတပ်ဖွဲ့က စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ မီဒီတပ်ဖွဲ့သည် ကျောင်းတော်နှင့်တကွ နာဂျက်ဖ်မြို့ကို ကာကွယ်စောင့်ရှောက်မှု ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှာယီဘာနီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

နာဂျက်ဖ်မြို့မှ ခုခံတိုက်ခိုက်ရေးသမားများ၏ နေရာကို အမေရိကန်တို့ ထပ်မံတိုက်ခိုက်

နာဂျက်ဖ် ဩဂုတ် ၂၂

နာဂျက်ဖ်မြို့ရှိ အီမန်အလီဝတ်ကျောင်း ထိန်းချုပ်မှု လွှဲပြောင်းပေးအပ်ရေး ဆွေးနွေးမှု အကျပ်ဆိုက်ပြီးနောက် နာဂျက်ဖ်မြို့ရှိ အယ်လ်ဆာဒါ၏ ခုခံရေးသမားများအား အမေရိကန်တပ်ဖွဲ့ဝင်များက တနင်္ဂနွေနေ့တွင် ထပ်မံထိုးစစ်ဆင် တိုက်ခိုက်သည်။

အမေရိကန်စစ်ဘက် အေစီ-၁၃၀ စစ်လေယာဉ်က အယ်ဆာဒါ သစ္စာခံ ခုခံတိုက်ခိုက်ရေးသမားများ ရှိရာသို့ အမြောက်များ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ကြောင်း ရိုက်တာမှ မျက်မြင်တွေ့ရှိသူ သတင်းထောက်တစ်ဦးက ပြောကြားသည်။

ပေါက်ကွဲ

ယင်းသို့ တိုက်ခိုက်စဉ်အတွင်း ထိုဒေသ၌ ထိန်လင်းသွားပြီးနောက် ပေါက်ကွဲမှုကြီးတစ်ရပ် ဖြစ်ပွားသည်။ ခုခံရေးသမားများ၏ စခန်းများအနီး နာဂျက်ဖ်မြို့ဟောင်း အတွင်းမှ မီးခိုးလုံးများ တက်လာသည်။ မြို့ဆင်ခြေဖုံးများ၌လည်း ပစ်ခတ်တိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းခဲ့သည်။ မီးခိုးလမ်းကြောင်း ထင်ကျန်ရစ်သည့် ကျည်များနှင့် လိမ္မော်ရောင် မီးကျည်များ ကောင်းကင်သို့ ထိုးတက်သွားကြသည်ကိုလည်း မြင်တွေ့ရသည်။

ရှီးယိုက် ခုခံရေးသမားများ၏ ရက်သတ္တနှစ်ပတ်ကြာ တိုက်ခိုက်မှုများ အဆုံးသတ်ရေး စေ့စပ်ဆွေးနွေးစဉ် တစ်ရက်ငြိမ်သက်ခဲ့ပြီး နောက်တစ်ရက် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် တိုက်ခိုက်မှုများ ပြန်ဖြစ်လာခြင်းဖြစ်သည်။

အယ်လ်ဆာဒါ၏ သစ္စာခံ ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် ကမ္ဘာ့ရေနံ ဈေးနှုန်းမှာ စံချိန်တင် မြင့်မားအောင် တွန်းပို့ပေးသကဲ့သို့ ဖြစ်သွားသည်။

ခုခံရေးသမားများသည် စောစောပိုင်းက အီမန်အလီ ဝတ်ကျောင်းတော် ပတ်ဝန်းကျင်တွင် သေနတ်များကို ဖော့ယမ်းကာ ရင်ဆိုင်တိုက်ခိုက်ဖို့ လာပါစေ၊ အမေရိကန်တို့သည် သူရဲဘောကြောင်သူများသာဖြစ်ကြောင်း ကြွေးကြော်ပြောဆိုခဲ့ကြသည်။

အင်တာနက်။

ပြန်ပေးဆွဲခံရသူ နီပေါ ၁၂ ဦး၏ သတင်းရရှိရေး နီပေါအစိုးရ ကြိုးပမ်းနေ

ခတ္တမန္ဒူ ဩဂုတ် ၂၂

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံထားရသည့် နီပေါနိုင်ငံသား ၁၂ဦးနှင့် ပတ်သက်သော သတင်းများရရှိရေးအတွက် လုပ်ငန်းဆိုင်ရာ မှတ်တမ်းများကို နီပေါအစိုးရက စစ်ဆေးလျက်ရှိကြောင်း ပြောကြားသည်။ နီပေါသည် အီရတ်နှင့် သံတမန်အဆက်အသွယ် မရှိပေ။

စတင်စစ်ဆေး

ခတ္တမန္ဒူရှိ လုပ်ငန်းခန့်ထားရေးရုံးများကတစ်ဆင့် နီပေါနိုင်ငံသားများ အီရတ်သို့ သွား၊မသွား ကိစ္စနှင့် စပ်လျဉ်း၍ မိမိတို့ မှတ်တမ်းဖိုင်များ စတင်စစ်ဆေးနေပြီဖြစ်ကြောင်း အလုပ်သမားဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ယင်းပြန်ပေးဆွဲခံရသည့် လူများသည် နိုင်ငံသားများ ဟုတ်၊မဟုတ် သို့တည်းမဟုတ် အခြားနိုင်ငံသား ခံယူထားသည့် နီပေါနွယ်ဖွား ဟုတ်၊မဟုတ် မိမိတို့ စစ်ဆေးနေကြောင်း ၎င်းက ပြောကြားသည်။

ညွှန်ကြားထား

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆက်သွယ်မှု ရရှိနိုင်ရန် ဆော်ဒီအာရေဗျနိုင်ငံရှိ နီပေါသံရုံးအား နီပေါအစိုးရက စီစဉ်ညွှန်ကြားထားပြီးဖြစ်သည်ဟု ပြန်ကြားရေးဝန်ကြီး မိုဟာမက်မိုရှင်က ပြောကြားသည်။

မိမိတို့အစိုးရတွင် ယင်းဖြစ်ရပ်နှင့် ပတ်သက်သော သတင်းများ မရရှိသေးကြောင်း မိုရှင်က ဆက်လက်ပြောကြားသည်။

နီပေါအစိုးရက ၎င်း၏နိုင်ငံသားများအား အီရတ်သို့ မသွားရန် တိုက်တွန်းထားကြောင်း၊ သို့ရာတွင် အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင် နေထိုင်သူ နီပေါလူမျိုးများအား လုပ်ငန်းရှာဖွေခန့်ထားရေးရုံး အေဂျင်စီများက စုဆောင်းရန် ကြိုးပမ်းနေကြသည်ဟု မီဒီယာသတင်းဌာနများက ဖော်ပြကြသည်။

ပေးပို့

နီပေါနိုင်ငံသား ငါးသိန်းခန့်သည် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ငန်းလုပ်ဆောင်နေကြပြီး ဒေါ်လာရှားပါးနေသည့် နီပေါနိုင်ငံသို့ နှစ်စဉ် ဒေါ်လာသန်း ၁၀၀၀ ခန့် ပေးပို့လျက်ရှိသည်။

ဖမ်းဆီးထား

အစ္စလာမ္မစ် တိုက်ခိုက်ရေးသမားများက နီပေါလူမျိုး ၁၂ဦးအား ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း ခုခံတိုက်ခိုက်ရေး အုပ်စုတစ်စု၏ ကြေညာချက်ကို အစ္စလာမ္မစ် ဝက်ဘ်ဆိုက်တွင် သောကြာနေ့က ဖော်ပြခဲ့သည်။

ပြသမည်

ယင်းလူ ၁၂ဦးသည် အီရတ်နိုင်ငံ သိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့ဝင်များအား ကူညီပံ့ပိုးခဲ့ကြပြီး ၎င်းတို့၏ ရုပ်ပုံများအား ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ယင်းအုပ်စုက ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရှီးယိုက်ခုခံရေးသမားများကို တိုက်ခိုက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ကူဖာမြို့တွင် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွား

နာဂျက်ဖ်(အီရတ်) ဩဂုတ် ၂၂

အီရတ်ရှိ ရှီးယိုက်ထိပ်တန်းခေါင်းဆောင်ထံသို့ အီမန်အလီ ဝတ်ကျောင်းတော်ကြီး၏ သော့များကို လွှဲပြောင်းပေးအပ်ခဲ့သော်လည်း မိုတာဒါအယ်လ်ဆာဒါ၏ ခုခံတိုက်ခိုက်ရေးသမားများသည် နာဂျက်ဖ်မြို့ရှိ ၎င်းတို့၏ ခြေကုပ်စခန်းဖြစ်သည့် ဝတ်ကျောင်းတော်ကို သိမ်းပိုက်ထားဆဲဖြစ်ပြီး ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ အပြင်းအထန် တိုက်ပွဲဖြစ်ပွားသည်။ ညပိုင်းတွင် အတန်အသင့် အေးဆေးငြိမ်သက်ခဲ့ပြီးနောက်တွင် အီမန်အလီဝတ်ကျောင်းတော်မှ မီတာ ၂၀၀ ခန့်အကွာရှိ အမေရိကန်စခန်းများကို နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

နာဂျက်ဖ်မြို့တွင် အမေရိကန် ဦးဆောင်သည့် အီရတ်အစိုးရတပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များ အင်အားပြအပြင်းအထန်တိုက်ခိုက်နေသည်မှာ ရက်သတ္တ နှစ်ပတ်ရှိပြီဖြစ်သည်။ နာဂျက်ဖ်မြို့ အရှေ့ဘက်ရှိ ကူဖာမြို့ ဝတ်ကျောင်းတော်တစ်ခုနှင့် တရားရုံးတစ်ရုံးတို့ အနီးတစ်ဝိုက်တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ် ခုခံ တိုက်ခိုက်ရေးသမားတို့ ညပိုင်း၌ သုံးနာရီကြာ တိုက်ပွဲဖြစ်ပွားကြောင်း အယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် တိုက်ခိုက်ရေးသမားများက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် လူတစ်ဦး သေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကူဖာမြို့ဆေးရုံမှ ဆရာဝန် မိုဟာမက် အဗ္ဗဒယ်ကာဇမ်က ပြောကြားသည်။ ဝတ်ကျောင်းတော်၏ မျက်နှာချင်းဆိုင်ရှိ တရားရုံးအဆောက်အအုံ၏ အစိတ်အပိုင်းများသည်လည်း မီးလောင်မှုကြောင့်ပျက်စီးခဲ့ရသည်။

တိုက်ခိုက်

အမေရိကန် တပ်ဖွဲ့ဝင်များက ဝတ်ကျောင်းတော်အား စီးနင်းဝင်ရောက်ရေးအတွက် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စခန်းအဖြစ် အသုံးချနေသော တရားရုံးအဆောက်အအုံအား အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ခုခံတိုက်ခိုက်ရေးသမား တစ်ဦးဖြစ်သူ မိုဟာမက်အယ်လ်အီလူက ပြောကြားသည်။

ပြောကြား

အဆိုပါ ဖြစ်ရပ်နှင့် ပတ်သက်၍ သတင်း အချက်အလက်များကို ချက်ချင်း မရရှိသေးကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် ခုခံရေးသမားများကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တောင်ပိုင်း ရေနံပိုက်လိုင်းကို ဖုံးဖောက်ခွဲတိုက်ခိုက်

ဘာဆာရာ(အီရတ်) ဩဂုတ် ၂၂

အသုံးမပြုသည်မှာ ရက်အတန်ငယ်ကြာနေပြီဖြစ်သည့် အီရတ်နိုင်ငံတောင်ပိုင်းမှ ရေနံပိုက်လိုင်းတစ်ခုကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဖုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ မီးလောင်ခဲ့ကြောင်း အဆိုပါဒေသအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကပြောကြားသည်။ ယင်းတိုက်ခိုက်မှုမှာ အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၏ အနောက်တောင်ဘက် မိုင် ၂၀ အကွာ ဘာရီဆီယာမြို့တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့မှ အယ်လ်မော်ဆာဝီက ပြောကြားသည်။

ရူမိုင်လာ ရေနံတွင်းများမှ ဖောကျွန်းဆွယ်ရှိ ရေနံသိုလှောင်ကန်များသို့ ဆက်သွယ်ထားသည့် အဆိုပါ ရေနံပိုက်လိုင်းသည် အီရတ်ခုခံတိုက်ခိုက်ရေးသမားများထံမှ တိုက်ခိုက်မည်ဟူသော ခြိမ်းခြောက်မှုများကြောင့် ရက်သတ္တတစ်ပတ်ကြာ ပိတ်ထားခဲ့ရသည်။ ရေနံပိုက်လိုင်း ဖုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ရေနံတင်ပို့မှုကို ထိခိုက်ခြင်းရှိ၊ မရှိ ပြတ်ပြတ်သားသား မသိရှိရသေးပေ။

ရေနံပြန်လည်တင်ပို့မှုနှင့် ရေနံပိုက်လိုင်းပျက်စီးစေရန်အတွက် ယင်းကဲ့သို့ တိုက်ခိုက်ခြင်းဖြစ်ကြောင်း အယ်လ်မော်ဆာဝီက ပြောကြားသည်။ ရေနံပိုက်လိုင်း အဆို့ရှင်အနီးတွင် ဖုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များသည် ဒုတိယမြောက် ဖုံးကို အနီးတစ်ဝိုက်၌ ရှာဖွေတွေ့ရှိပြီး စနက်တံကို ဖြုတ်ပစ်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီရတ် ပြန်လည်တည်ဆောက်ရေး အစီအစဉ်များကို အဟန့်အတားဖြစ်စေရန်အတွက် အီရတ်နိုင်ငံ၏ အဓိကဝင်ငွေရရှိရာရရှိကြောင်း ရေနံလုပ်ငန်းကို အီရတ် ခုခံတိုက်ခိုက်ရေးသမားများက မကြာခဏ တိုက်ခိုက်ခဲ့သည်။

ရေနံလုပ်ငန်းအများစုတည်ရှိရာ အီရတ်နိုင်ငံတောင်ပိုင်းတွင် ရှီးယိုက် တိုက်ခိုက်ရေးသမားများက တိုက်ခိုက်နေစဉ်မှာပင် အီရတ်ရေနံလုပ်ငန်းအား ခြိမ်းခြောက်မှုမှာ မကြာသေးမီ သီတင်းပတ်များအတွင်း များပြားလာခဲ့သည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် ပြင်ဆင်နေသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ အီတလီသတင်းစာဆရာ ပြန်ပေးဆွဲခံရ

ရောမ ဩဂုတ် ၂၂

လွန်ခဲ့သည့် ကြာသပတေးနေ့မှ စတင်ပြီး အီရတ်နိုင်ငံတွင် ပျောက်ဆုံးလျက်ရှိနေသည့် အီတလီနိုင်ငံသား သတင်းစာဆရာတစ်ဦးသည် ပြန်ပေးအဆွဲခံရပြီး ၎င်း၏ယာဉ်မောင်း သေဆုံးခဲ့ကြောင်း ၎င်း၏သတင်းစာတိုက် ဒိုင်ရာယီယိုက ပြောကြားလိုက်သည်။

ယာဉ်မောင်းလည်းဖြစ်၊ စက်ပြင်လည်းဖြစ်သည့် ယာဉ်မောင်းဖြစ်သူ၏ အလောင်းမှာ တိုက်ခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပွားနေသည့် နာဂျက်ဖ် အနီးတွင် တွေ့ရှိခဲ့ပြီးနောက် သတင်းစာဆရာ အန်ဇိုဘာတိုနီ၏ အသက်ဘေးအတွက် စိုးရိမ်မှုများ ပေါ်ပေါက်လျက်ရှိသည်။

အန်ဇိုဘာတိုနီ၏ ယာဉ်မောင်းမှာ ကံမကောင်း အကြောင်းမလှစွာဖြင့် သေဆုံးဖွယ်ရှိကြောင်း၊ ယင်းသတင်းမှန်ကန်ပါက တိုက်ခိုက်မှုဖြစ်ပွားနိုင်ခဲ့ဖွယ်ရှိကြောင်း အယ်ဒီတာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘာဘေစီတိုက ပြောကြားသည်။ တစ်ဦးသေဆုံးခဲ့ရပြီး အခြားတစ်ဦး ပြန်ပေးဆွဲခံခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရှုမြင်

အသက်(၅၆)နှစ်ရှိသူ ဘာတိုနီသည် ရှီးယိုက် ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါနှင့် တွေ့ဆုံမေးမြန်းရန် ရည်ရွယ်ချက်ဖြင့် နာဂျက်ဖ်သို့ ခရီးထွက်ခဲ့ခြင်းဖြစ်သည်ဟု ဘာတိုနီ၏ လုပ်ဖော် ကိုင်ဖက်တစ်ဦးက ပြောကြားသည်။ ဘာတိုနီ၏ သတင်းစာတိုက်က ၎င်းကံကြမ္မာနှင့်စပ်လျဉ်း၍ စောစောပိုင်းကာလက အကောင်းဘက်မှ ရှုမြင်သုံးသပ်ထားခဲ့သည်။

ယုံကြည်

သို့ရာတွင် ယာဉ်မောင်းသေဆုံးပြီးသည့် သတင်းကြားလိုက်ရပြီးနောက် ဘာဘေစီတိုက အကောင်းမြင် သဘောထားအတိုင်း ဆက်လက်စွဲကိုင်ထားပြီး လုပ်ကိုင် ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း၊ ကြက်ခြေနီနှင့် အီရတ်ရှိ အီတလီစစ်တပ်တို့က ပြန်ပေးဆွဲမှုဖြစ်ပွားသည်ဟု ယုံကြည်ထားကြကြောင်း ဘာဘေစီတိုက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

မရှိသေး

ယင်းပြန်ပေးဆွဲမှုတွင် မည်သူမည်ဝါ၏ လက်ချက်ဟု ပြောကြားမှု မရှိသေးကြောင်း၊ သို့တည်းမဟုတ် ပြန်ပေးအတွက် ငွေတောင်းဆိုမှု သို့တည်းမဟုတ် ပြန်ပေးဆွဲခံရသူနှင့် ပတ်သက်သည့် ဗီဒီယိုထုတ်လွှင့်ပြသမှု စသည်တို့လည်း မရှိသေးကြောင်း ဘာဘေစီတိုက ပြောကြားသည်။

ဘာတိုနီသည် အီတလီကြက်ခြေနီ မော်တော်ယာဉ်တန်း၊ ရုပ်မြင်သံကြား အဖွဲ့တို့နှင့် ဘဂ္ဂဒက်မှ နာဂျက်ဖ်သို့ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အန္တရာယ်နှင့် တွေ့ဆုံရမှုကြောင့် ခရီးစဉ်ပျက်သွားခဲ့သည်။ ဘာတိုနီက အယ်လ်ဆာဒါနှင့် တွေ့ဆုံမေးမြန်းရန် စိတ်စောနေ၍ တစ်ဦးတည်း ဆက်လက် ခရီးထွက်ခဲ့ကြောင်း အာအေအိုင် ရုပ်မြင်သံကြားက ဖော်ပြသည်။

ယခုအချိန်အထိ မိမိတို့ စိတ်သက်သာရရှိနေပြီး ဘာတိုနီအနေဖြင့် နာဂျက်ဖ်မြို့သို့ ခရီးဆက်လက်သွားနိုင်ကာ သူစီစဉ်ထားသည့်အတိုင်း လုံခြုံမှုရှိသည့် ဗလီတစ်ခုအတွင်း အကာအကွယ်ရရှိနေပြီဟု မိမိတို့ ယူဆကြောင်း၊ လမ်းပန်းဆက်သွယ်မှု အခက်ခဲကြောင့်ဖြစ်ကြောင်း ဘာဘေစီတိုက ပြောကြားသည်။

သတင်းမရရှိ

ကြာသပတေးနေ့ နောက်ပိုင်းကတည်းက မိမိတို့ ဘာတိုနီ၏ သတင်းမရရှိခဲ့တော့ကြောင်း၊ ဘာတိုနီတွင် ဂြိုဟ်တုဆက်သွယ်ရေးစနစ် တယ်လီဖုန်းမရှိဟု မိမိတို့ သိရှိထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီ သတင်းဌာနအား ပြောကြားသည်။ ***အင်တာနက်။***

ဆာမာရာမြို့တွင် ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၆၀ခန့်အကွာ ဆာမာရာမြို့ အနီးတွင် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် ခြေလျင်တပ်မ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

တိုက်ခိုက်ခံရ

အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ညနေ ၅ နာရီ ၅၅ မိနစ်တွင် ယင်းကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဒဏ်ရာရရှိသူ သုံးဦး၏ အခြေအနေကို မသိရသေးပေ။

ယင်းတပ်ဖွဲ့ဝင်များအပါအဝင် အီရတ်နိုင်ငံအား အမေရိကန်တို့ လွန်ခဲ့သည့်နှစ်က စတင်ဝင်ရောက်ခဲ့ချိန်နောက်ပိုင်း အီရတ်တွင် တိုက်ပွဲများကြောင့် သေဆုံးခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ ဝင်ဦးရေမှာ ၇၁၀ ဦး ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှုဖြစ်ပွား

နာဂျက်ဖ် ဩဂုတ် ၂၂

တစ်ရက်ကြာ အတန်အသင့် ငြိမ်သက်မှုရှိနေသည့် နာဂျက်ဖ်မြို့၏အခြေအနေမှာ စိန်ပြောင်း၊ ဒုံးပစ်လောင်ချာနှင့် စက်သေနတ်သံတို့ဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်လက်နက်ကိုင်များ တိုက်ခိုက်မှုကြောင့် တန့်သွားရပြန်ပြီဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အဝေးထိန်းစနစ်သုံး မောင်းသူမဲ့ အမေရိကန်လေယာဉ် နာဂျက်ဖ်တွင် ပျက်ကျရာ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံ လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ပစ်ချကြောင်း ပြောကြားကြသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်တပ်ဖွဲ့က ရုတ်တရက်ဝေဖန်မှု မပေးသေးပေ။ အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ထိပ်တန်းခေါင်းဆောင် အယ်လ်စစ္စတန်နီထံသို့ နာဂျက်ဖ်မြို့မှ ဘာသာရေးအဆောက်အအုံဖြစ်သည့် အီမန်အလီဝတ်ကျောင်းသော့များကို လွှဲပြောင်းပေးခဲ့ပြီးနောက် တိုက်ခိုက်မှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ***အင်တာနက်။***

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း(၈)

အောင်မိုးစံ

ဒီကနေ့ မြန်မာနိုင်ငံ တပ်မတော်အစိုးရဟာလည်း မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေတာ ဖြစ်ပါတယ်။ တပ်မတော် အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်လာချိန်မှ စပြီး နိုင်ငံရဲ့စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုဘဝ မြင့်မားရေးကို ဦးစားပေးထူထောင်လာခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ခေါ်ယူကျင်းပပြီး ညီလာခံကြီးရဲ့ အပိုင်းတစ်ပိုင်းတောင် အောင်မြင်စွာပြီးစီးသွားပြီ ဖြစ်ပါတယ်။

လောကတွင် အရာခပ်သိမ်းတို့ဟာ အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်နေပါတယ်။ အကျိုးဆက်တိုင်းမှာ အကြောင်းတရားရှိသလို အကြောင်းတရားတိုင်းမှာလည်း အကျိုးဆက်ရှိပါတယ်။ အဲဒီလို အကျိုးအကြောင်းဆက်စပ်ဖြစ်ပေါ်နေမှုတွေကို ဘယ်အကြောင်းတရားကိုလုပ်ရင် ဘယ်လိုအကျိုးဆက်ဖြစ်ပေါ်လာမယ်၊ ဘယ်လိုအကျိုးဆက်ဟာ ဘယ်အကြောင်းတရားကြောင့် ဖြစ်ပေါ်လာရတယ်ဆိုတဲ့ အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်မှုတရားကိုသိရင် ဧကန်ဖြစ်မယ့်တရားကို သိတယ်။ အကျိုးအကြောင်းဆက်စပ်ဖြစ်ပေါ်မှုတရားကို မသိရင် အဝိဇ္ဇာအကန်းသဖွယ်သာ ဖြစ်တယ်လို့ဆိုပါတယ်။

လူတွေဟာ သဘာဝသိပ္ပံ (Natural Science) မှာရော လူမှုသိပ္ပံ (Social Science) မှာပါ ဧကန်ဖြစ်မယ့် တရားတွေကို ဆင်ခြင်သိမြင်ပြီး လူမှုအကျိုးတရားတွေကို တည်ဆောက်နေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း လူ့အဖွဲ့အစည်းဟာ မရပ်မနားပြောင်းလဲတိုးတက်နေတာဖြစ်ပါတယ်။ ဥပမာအားဖြင့် သဘာဝသိပ္ပံတွင် အောက်ဆီဂျင်တစ်ဆနဲ့ ဟိုက်ဒရိုဂျင်နှစ်ဆပေါင်းရင် ရေဖြစ်တယ်။ ရေကို အပူပေးရင် အငွေ့ပြန်တယ်။ ရေဟာ အပူချိန် ဘယ်လောက်မှာ ဆူတယ်။ သံဟာ အပူချိန် ဘယ်လောက်မှာ အရည်ပျော်တယ် စတဲ့ အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်မှု တရားများပင် ဖြစ်ပါတယ်။

လူမှုသိပ္ပံတွင်လည်း ပုဂ္ဂလိကတွေရဲ့ စီးပွားရေးလွတ်လပ်မှုမရှိရင် ဈေးကွက်စီးပွားရေး မဖြစ်ပေါ်နိုင်၊ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံတစ်ရပ်မှာသာ ဒီမိုကရေစီအမြစ်တွယ် ထွန်းကားနိုင်တယ်၊ ခေတ်သစ်စနစ်သစ်တစ်ရပ် ပေါ်ထွန်းဖို့ရာ ဥပဒေပြဌာန်းရုံနဲ့မရနိုင်၊ လုံလောက်တဲ့ လူမှုဘဝ ရင့်မာပြည့်စုံမှ ထူထောင်နိုင်မယ် စတဲ့အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်မှုတရားများ ဖြစ်ပါတယ်။ ဒီတရားတွေကို ပြောင်းပြန်လုပ်လို့ မရနိုင်သလို လူ့စိတ်အလိုဆန္ဒရှိတိုင်းလည်း မဖန်တီးနိုင်ပါ။ ဒါကြောင့် နိုင်ငံအကျိုး ဆောင်ရွက်ရာတွင် စေတနာကောင်းရုံ တစ်ခုတည်းနဲ့ မလုံလောက်ပါ။ လောကတွင် ဖြစ်ပေါ်နေတဲ့ သဘာဝသိပ္ပံနဲ့ လူမှုသိပ္ပံတရားတွေကို ဆင်ခြင်သိမြင် ကျင့်သုံးနိုင်ဖို့ဖြစ်ပါတယ်။

ဒီကနေ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ကူးပြောင်းနေတဲ့ မြန်မာနိုင်ငံတွင် အခြေခံလူမှုဘဝတွေ မြင့်မားတိုးတက်အောင် မကြိုးပမ်းဘဲ အပေါ်ထပ်နိုင်ငံရေးကိုသာ ဦးစားပေးပြောင်းလဲလိုတဲ့ အဖွဲ့အစည်းများနဲ့ အခြေခံ လူမှုဘဝတွေ ပြောင်းလဲတိုးတက်မှုနဲ့အတူသာ အပေါ်ထပ်နိုင်ငံရေး ပြောင်းလဲနိုင်တယ်ဆိုတဲ့ လူမှုသိပ္ပံ တရားကို ခံယူကျင့်သုံးနေသော တပ်မတော်အစိုးရတို့ ကွဲလွဲဆန့်ကျင်လာခဲ့ပါတယ်။ အပေါ်ထပ်နိုင်ငံရေး၊ ဒီမိုကရေစီကို ဦးစားပေးပြောင်းလဲရေးအယူအဆဟာ အနောက်ဥရောပဒီမိုကရေစီကို ပုံတူကူးရေးလမ်းစဉ်သာဖြစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်မှုမရှိတဲ့ လမ်းစဉ်လည်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဒီကနေ့ မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်စွာ အခြေခံစီးပွားရေး၊ ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူနေမှုဘဝ မြင့်မားရေးကို ဦးစားပေးပြောင်းလဲနေတဲ့ တရုတ်ပြည်ကြီး တည်ငြိမ်စွာ အံ့သြဖွယ် တိုးတက်နေမှုနဲ့ အနောက်ဥရောပဒီမိုကရေစီကို ပုံတူကူးပြောင်းလာခဲ့တဲ့ အရှေ့ဥရောပနိုင်ငံအချို့ရဲ့ ဆင်းရဲကျပ်တည်းနေမှုတွေကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါတယ်။

ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံ တပ်မတော်အစိုးရဟာလည်း မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီ မှန်ကန်တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေတာဖြစ်ပါတယ်။ တပ်မတော်အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်လာချိန်မှစပြီး နိုင်ငံရဲ့စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုဘဝ မြင့်မားရေးကို ဦးစားပေးထူထောင်လာခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ခေါ်ယူကျင်းပပြီး ညီလာခံကြီးရဲ့အပိုင်းတစ်ပိုင်းတောင် အောင်မြင်စွာပြီးစီးသွားပြီဖြစ်ပါတယ်။

ဒါကြောင့် ဒီမူဝါဒလမ်းစဉ် (၇)ရပ်ဟာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် မလွဲဧကန်ဖြစ်ပေါ်လာရေးအတွက် အကြောင်းတရားဖြစ်တယ်ဆိုတာကို အခုလို ဓမ္မဓိဌာန်ကျစွာတွေ့နိုင်ပါတယ်။

ပထမအဆင့်။ ။၁၉၉၆ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသား ညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။

ဒုတိယအဆင့်။ ။အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက်လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။

တတိယအဆင့်။ ။အမျိုးသား ညီလာခံကြီးက ချမှတ်ပေးသော အခြေခံ ရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း။

စတုတ္ထအဆင့်။ ။ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း။

ပဉ္စမအဆင့်။ ။ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း။

ဆဋ္ဌမအဆင့်။ ။ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း။

သတ္တမအဆင့်။ ။လွှတ်တော်က ရွေးကောက် တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်ကဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ဖြစ်ပါတယ်။

ဒီအကြောင်းတရား(၇)ရပ်နဲ့အညီ အကျိုးတရားအဖြစ် ဒီမိုကရေစီ နိုင်ငံတော်ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ဒီအပေါ် မျက်ဝါးထင်ထင်တွေ့မြင်နေရပါလျက် ဒီမိုကရေစီလိုလားပါတယ်ဆိုတဲ့ အဖွဲ့အစည်းအချို့က ဘာကြောင့် မစေ့စပ်ရေးလမ်းကို ရွေးနေပါသလဲ။ ဒီမိုကရေစီလိုလားသူတိုင်း စည်းလုံးညီညွတ်စွာ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားရမယ့်အချိန်ဖြစ်ပါတယ်။ ဆင်ကောင်ကြီးတွေ့နေမှ ဆင်ခြေရာ ဘယ်မှာလဲဆိုသလို မဖြစ်ဖို့လိုပါတယ်။

မြတ်ဗုဒ္ဓရဲ့ တရားဒေသနာစာပေတွေမှာ အရှိပကတိကိုသိမြင်နိုင်သော ယထာဘူတအမြင်ကို ဖုံးကွယ်စေတဲ့ စေတသိက်တို့ကို အခုလို ဖတ်ရှုမှတ်သားခဲ့ရပါတယ်။

ဒိဋ္ဌိစေတသိက်။ ။မှားယွင်းစွာ ရှုမြင်တတ်သော သဘောကို ဆိုလိုသည်။ ဉာဏ်နှင့် ဆန့်ကျင်သော သဘောဖြစ်သည်။ ထို့ကြောင့် ဒိဋ္ဌိဖြင့် ရှုမြင်တတ်သူအား ဉာဏ်တစ်စောင်းဖြင့် ရှုတတ်သူ ဟူ၍လည်း သရုပ်ဖော်ခဲ့ကြပေသည်။ ဒိဋ္ဌိစေတသိက်တွင် သမ္မာဒိဋ္ဌိ မှန်ကန်စွာရှုမြင်မှုဟူ၍ မဂ္ဂင်တရားအဖြစ် ရှိပေသေးသည်ဖြစ်ရာ လောဘအုပ်စုဝင် ဒိဋ္ဌိကိုကား မိစ္ဆာဒိဋ္ဌိ အယူမှားမှုဟူ၍နားလည်ရမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အယူတစ်ခုကို အမှန်ဟု စွဲမြဲစွာ ယုံကြည်နေခြင်းသည် များသောအားဖြင့် သုံးသပ်ခြင်း ဟူသော ဒိဋ္ဌိ၏ သတ္တိ(ဝါ)ဒိဋ္ဌိ၏လုပ်ဆောင်ချက်ပင် ဖြစ်လေသည်။ မှားယွင်းစွာ သုံးသပ်မိခြင်း၏အကြောင်းရင်းကို ရှာသော် လောဘကိုတွေ့နိုင်၏။ ကိုယ့်ကိုယ်ကို ခင်တွယ်မှုရှိ၍သာ အယူဝါဒတွေ အမျိုးမျိုးဖြစ်ပေါ်ရ၏။ ငါ့အယူသာ မှန်သည်၊ သူတစ်ပါးအယူကား အလကားအယူတည်း၊ ငါ့အလုပ်မှ ဟုတ်သည်။ ငါသာပညာရှိ၊ ငါမှသိသည် အစရှိသည်ဖြင့်အတ္တစွဲကြီးမားစွာ အမှားကိုပင်အမှန်ထင်၍ အသိအမြင်မှောက်မှားမှုသည် ဒိဋ္ဌိ၏သဘောပင်ဖြစ်သည်။

ဒါကြောင့် It is never too late to mend ပြုပြင်ရန်မှာ ဘယ်တော့မှ နောက်မကျဆိုတဲ့ စကားအတိုင်း ဒီကနေ့လို ကာလမျိုးမှာ အမျိုးသားသင့်မြတ်စည်းလုံးရေးလမ်းမှန်ပေါ်ကို ရောက်မလာသေးတဲ့အဖွဲ့အစည်းများ၊ အင်အားစုများအနေနဲ့ အစွဲအလမ်းဟောင်းတွေကို စွန့်လွှတ်ပြီး မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ တစ်မျိုးသားလုံးသင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြဖို့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမူဝါဒ လမ်းစဉ် (၇)ရပ်ဟာ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာဖို့ အကြောင်းတရား ဖြစ်တယ်။ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေတဲ့ သမိုင်းမော်ကွန်းဖြစ်တယ် ဆိုတာကို အထူးတလည်တင်ပြလိုက်ရပါတယ်။ ။

ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးတို့ ဇူလိုင် ၃၁ ရက်က လမ်းဖောက်လုပ်မှုတွင် မလှိုင်မြို့နယ်အပိုင်း ကျောက်စုဆောင်းရရှိနေမှု အခြေအနေအား ကွင်းဆင်းစစ်ဆေးကြစဉ်။ (က-ပ)

သတ္တမအကြိမ်မြောက် ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၃

ကွယ်လွန်သူ မိခင်ကြီး ဒေါ်အေး(ဖျာပုံ) ကွယ်လွန်သည့် ခုနစ်နှစ်ပြည့် ဩဂုတ် ၂၂ ရက်တွင် တရားရုံးချုပ် တရားသူကြီး ဦးခင်မောင်အေး-ဒေါ်ခင်နီ သားသမီးတစ်စုက သတ္တမအကြိမ်မြောက် ဆေးပဒေသာပင် အလှူငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ လှူဒါန်းခဲ့ကြောင်းသိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
- International Trade & Financial Institutions. (စီးပွားရေး)

၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မဆုတ်မနစ်" (အပိုင်း-၄)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်ဓား" (အပိုင်း-၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

သစ်တောစိုက်ခင်းများရှင်သန်အောင်မြင်အောင် စိုက်ပျိုးတည်ထောင် စက်သုံးဆီ၊ လျှပ်စစ်ဓာတ်အားနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖြိုးခြွေတာ

ရန်ကုန် ဩဂုတ် ၂၃

သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အင်းစိန်အနောက်ကြို့ကုန်းရှိ သစ်တောဦးစီးရုံးချုပ် တော်ဝင်ခန်းမဌကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စီမံကိန်း နှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ ပြည်နယ်၊ တိုင်းတာဝန်ခံများ၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိန်းသိမ်းကာကွယ်

ဝန်ကြီးက နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များပြည့်မီအောင် သစ်တောဝန်ထမ်းများအနေဖြင့် ကျရာအခန်းမှ ကြိုးပမ်းဆောင်ရွက်ရေး၊ သစ်တောရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်လေးရပ်ဖြစ်သော သစ်တောစိုက်ခင်းများ ရှင်သန်အောင်မြင်အောင် စိုက်ပျိုးတည်ထောင်ရေး၊ စိုက်ပျိုးပြီးသစ်ပင်များ ထိန်းသိမ်းကာကွယ်ရေး၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ မှန်မှန်ကန်ကန်ထုတ်လုပ်ရေး၊ တရားမဝင်သစ် ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုထိထိရောက်ရောက်နှင့်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို တစ်နည်းတစ်လမ်းဖြေရှင်းပေးနိုင်မည့် ဇီဝဒီဇယ်ဆီ(Bio-diesel)ထုတ်လုပ်ရရှိနိုင်သည့် ကြက်ဆူကြီးပင် (ခေါ်) သဘော်ကြက်ဆူပင် (Jatropha curcas)စိုက်ခင်းများကို ရှင်သန်အောင်မြင်အောင် စိုက်ပျိုးတည်ထောင်ရေး၊ မြန်မာနိုင်ငံ အလယ်ပိုင်းအပူပိုင်းဒေသအတွင်းရှိ ပုပ္ပားတောင်၊ ရွှေပုံတောင်နှင့် အခြားတောင်တန်းများ စိမ်းလန်းစိုပြည်ရေးအတွက် မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရေးတို့ကို အသေးစိတ်ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် ပြည်နယ်နှင့်တိုင်း လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကား ပြောကြားစဉ်။

(သစ်တော)

ဝန်ကြီးဦးဝင်းအောင် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်သဝဏ်လွှာပို့

ရန်ကုန် ဩဂုတ် ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအသစ်အဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာ အယ်လ်ဘတ်တို ယိုမူလို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ဆေးပညာရှင်အဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၄ခုနှစ် နှစ်ပတ်စုံညီအစည်းအဝေးကို ဩဂုတ် ၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမဌ ကျင်းပမည်ဖြစ်သည်။

ဆေးပညာရှင်အဖွဲ့၏ လုပ်ငန်းရပ်များဆိုင်ရာ ဆွေးနွေးဟောပြောပွဲအဖြစ် Symposium on Township Health System ကို ဆွေးနွေးတင်ပြကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် ဆေးပညာရှင်အဖွဲ့ဝင်များ နံနက် ၇ နာရီမှစတင်၍ မှတ်ပုံတင်နိုင်သည်။

(သတင်းစဉ်)

သင်တန်းကာလ

အဆိုပါသင်တန်းတွင် အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် အစည်းအဝေးများကျင်းပခြင်း၊ နိုင်ငံတကာ လူမှုဆက်ဆံရေးနီတိ၊ သံတမန်ဆက်ဆံရေး၊ နိုင်ငံတကာ စာပေးစာယူဆက်သွယ်မှု၊ နိုင်ငံတကာဥပဒေ၊ စေ့စပ်ညှိနှိုင်းခြင်းပညာများကို အထူးပြုပို့ချသွားမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား ၁၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ဖြစ်သည်။

(သတင်းစဉ်)

သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဖွင့် ဝန်ကြီး ဦးဝင်းအောင် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမဌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

သံတမန်ရေးရာသင်တန်း

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၂၃-၈-၂၀၀၄)

မင်္ဂလာဒုံ	–	၁ ဒသမ ၂၂ လက်မ
ရန်ကုန်မြို့လယ်	–	၀ ဒသမ ၅၉ လက်မ
ကမ္ဘာအေး	–	၀ ဒသမ ၃၉ လက်မ

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၃-၈-၂၀၀၄)

ဖျာပုံ	–	၅ ဒသမ ၆၇ လက်မ
ပုသိမ်	–	၃ ဒသမ ၄၃ လက်မ
ပူတာအို	–	၂ ဒသမ ၉၉ လက်မ
ကော့သောင်း	–	၂ ဒသမ ၉၅ လက်မ

ပေးအပ်လှူဒါန်း

ကမာရွတ်မြို့နယ် (၉)ရပ်ကွက် အင်းယားလမ်း အမှတ်-၁၀၂(အေ)နေ နှစ်ဖက်သောမိဘများအားရည်စူးအမှူးထား၍ ဦးလင်းအောင်-ဒေါ်ခင်ခင် သားသမီးမြေးတစ်စုနှင့် ဦးတင်ရွှေ၊ဒေါ်ခင်မြင့်သားသမီးမြေးတစ်စု (ခိုင်ရွှေဝင်းကုမ္ပဏီလီမိတက်)တို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန် ငွေကျပ် ၂၀၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ဩဂုတ် ၁၅ရက်က ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၂၀ ၈။ မင်းလှရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၄:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၁၀ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၀ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူခုနှ်း" (အပိုင်း-၁၈)**
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၁၅ ၁၃။ ကြေးမုံရိပ်သွင် တေးနှယ်ဉ်
- ၇:၃၀ ၁၄။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း-၁၆)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး ခေတ်မီအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရှေ့ဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ "မြန်မာ့ကျောင်း"သီချင်းကို သီဆိုပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျောင်းသူ မဟေမာချမ်းမြေ့က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြပြီး အခမ်းအနားဖွင့်လှစ်ကြောင်းကြေညာသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ပညာရည်မြင့်မားရေး ခေတ်မီစာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Language Lab Room၊ Computer Room၊ Computer Aided Instruction Room၊ Electronic Media Video Lab Roomနှင့် Study Room စသည့် ခေတ်မီစာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခေတ်မီသင်ထောက်ကူပစ္စည်းများကို အသုံးပြု၍ ဆရာ၊ ဆရာမများက သင်ကြားပို့ချနေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူလေ့ကျင့်နေမှု အခြေအနေများကို အားပေးကြသည်။

ဆက်လက်၍ ဘက်စုံဖွံ့ဖြိုးရေးအထောက်အကူပြု အိမ်တွင်းမှု/ပန်းချီခန်းကို ဝင်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကျောင်းခန်းမ၌ ဖွင့်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဂီတရသ အနုပညာစွမ်းရည်များဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးလှမြိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က ပညာရည်မြင့်မားရေးအတွက် မာလ်တီမီဒီယာစာသင်ခန်းများ ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ အလှူရှင်များ၊ မိဘများ၏ ကူညီပံ့ပိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ ရွှေသာယာမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်စန်းက ငွေကျပ်သိန်း ၆၀၊ မိဘဆရာအသင်းဥက္ကဋ္ဌက ငွေကျပ်ခြောက်သိန်း၊ ဦးအာဝါး (ခ) ဦးထွန်းဝင်း–ဒေါ်စန်းစန်းမော် (စံပြရွှေငါးကုမ္ပဏီလီမိတက်)က ငွေကျပ်သုံးသိန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူအေးက ငွေကျပ်နှစ်သိန်း၊ MACHRO X ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအောင်စံမြတ်က ငွေကျပ် ၁၂သိန်း တန်ဖိုးရှိ မြန်မာ့ပန်းချီ CD ROM အချပ် ၂၀၀နှင့် ပျော်ရွှင်လေ့လာမြန်မာစာ CD ROM အချပ် ၂၀၀တို့ကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုစံပြငါးဈေး ဥက္ကဋ္ဌက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးနှင်းစိန်–ဒေါ်မြငြိမ်း (အောင်သိန်းသစ်ဆိုင်)က ငွေကျပ် တစ်သိန်း၊ ဦးအောင်ကြည်စိန် (ရှုဝံအင်ဇာတာလျှပ်စစ် မိသားစု)က ငွေကျပ် တစ်သိန်း၊ ကြည့်မြင်တိုင် ညဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌက ငွေကျပ် ငါးသောင်းတို့ကို ဝန်ကြီး ဦးသန်းအောင်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗားကရာ မာလကာ၊ သရက်ပွဲရုံ၊ သီရိမင်္ဂလာဈေးသာယာရေးအဖွဲ့နှင့် ဦးကျော်မြင့် (ပဒေသာဆန်ရောင်းဝယ်ရေး)တို့က ငွေကျပ်ငါးသောင်းစီတို့ကို မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဦးငွေစိုး–ဒေါ်ဝါဝါကြွယ် မိသားစု၊ ကြည့်မြင်တိုင် ကမ်းနားဈေးသာယာရေးနှင့်စည်းကမ်းထိန်းသိမ်းရေး ဥက္ကဋ္ဌနှင့် ဗားကရာ အုန်း/ငှက်ပျောပွဲရုံတို့က ငွေကျပ်ငါးသောင်းစီတို့ကို ဒုတိယဝန်ကြီး ဦးမျိုးညွန့်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အမှာစကားပြောကြားရာတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရည်မြင့်မားရေးအတွက် မာလ်တီမီဒီယာ စာသင်ခန်းများ ပြည့်စုံစွာဖြစ်ပေါ်လာရေးအတွက် ဦးဆောင်မှုများပြုပေးသည့် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)အား လည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသူများ၊ ပံ့ပိုးကူညီကြသူများအားလည်းကောင်း မိမိအနေဖြင့် ပညာရေးဝန်ကြီးဌာနကိုယ်စားနှင့် ဤကျောင်း၏ကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်စကားကို ဦးစွာပြောကြားလိုပါကြောင်း။

နိုင်ငံတော် ခေါင်းဆောင်ပိုင်း၏ အားပေးမှုဖြင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ စေတနာရှင် မိဘပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်း စောင့်ရှောက်အားထုတ်မှုများကြောင့် မာလ်တီမီဒီယာစာသင်ခန်းများကို တစ်နိုင်ငံလုံး၌တိုးချဲ့ဖွင့်လှစ်ပေးနိုင်လျက်ရှိကြောင်း။

ထင်ဟပ်ဖော်ပြနေ

တစ်နိုင်ငံလုံးရှိ အခြေခံပညာအထက်တန်းကျောင်း အားလုံးနီးပါးတွင် မာလ်တီမီဒီယာ စာသင်ခန်းများကို အောင်အောင်မြင်မြင် ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ဖွင့်ပြီးဖြစ်သည့် မာလ်တီမီဒီယာစာသင်ခန်းများကို လက်ရှိအနေအထားမှ အဆင့်မြင့်မားအောင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှု၊ ပညာရေးဝန်ကြီးဌာန၏ စေ့ဆော်ဆောင်ရွက်မှုတို့ဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် တစ်မျိုးသားလုံးက ဝိုင်းဝန်းတည်ဆောက်နေသည့်သဘောကို အခြေခံပညာကျောင်းများရှိ ဤမာလ်တီမီဒီယာ စာသင်ခန်းများက ထင်ဟပ်ဖော်ပြနေသည်ဟု ဆိုနိုင်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ပြီး မူလတန်းပညာ သင်ယူနိုင်ရေးအတွက် လွန်ခဲ့သည့်လေးနှစ်ခန့်ကစ၍ နယ်စပ်ဒေသများနှင့် ကျေးရွာငယ်များ၌ပါမကျန်ရအောင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် မေလတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်မှုမှာ ၉၆ ဒသမ ၅၆ ရာခိုင်နှုန်းအထိ ရရှိလာခဲ့ကြောင်း။

ပညာရေးကဏ္ဍ၏ အောင်မြင်မှုများသည် တောင်ပေါ်မြေပြန့်မကျန် တ[...]

နယ်စပ်ဒေသများ၌ ယခုအခါ ကျောင်းသား၊ ကျောင်းသူ တစ်သိန်းတစ်သောင်း[...]

လွှမ်းခြုံဖြစ်ပေါ်

နိုင်ငံတော်အနေဖြင့် အခြေခံပညာမူလတန်းမှ တက္ကသိုလ်ပညာများအထိ ပညာသင်ယူမှု အခွင့်အလမ်း ဒေသအသီးသီးတွင်ဖြစ်ပေါ်လာအောင် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်က ငြိမ်းချမ်းမှုမရှိခဲ့သဖြင့် မည်သည့်အချိန်ကမှ စာသင်ကျောင်းမရှိခဲ့သည့်နယ်စပ်ဒေသများ၌ ယခုအခါ ကျောင်းသား၊ ကျောင်းသူ တစ်သိန်း တစ်သောင်းကျော် ပညာသင်ကြားနိုင်လျက်ရှိရာ ပညာရေးကဏ္ဍ၏ အောင်မြင်မှုများသည် တောင်ပေါ်မြေပြန့်မကျန် တစ်နိုင်ငံလုံး လွှမ်းခြုံဖြစ်ပေါ်လျက်ရှိကြောင်း။

အနာဂတ်ကို တည်ဆောက်မည့်သူများမှာ လူငယ်များဖြစ်ကြကြောင်း၊ ထို့ကြောင့် သမားရိုးကျစာသင်ကြားမှုမှ ခေတ်မီမာလ်တီမီဒီယာ စာသင်ခန်းများကို ထိထိရောက်ရောက်အသုံးချ၍ စာသင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများဖြစ်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြရန်ဖြစ်ကြောင်းဖြင့် [...] လိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိ[...] အကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ [...] နှုတ်ဆက်သည်။ ယင်းနောက် အတွ[...] ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမမျ[...] အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသ[...] ရိုက်ကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး ခေတ်မီ အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာ[...] အမှတ်(၅) အခြေခံပညာအထက်တ[...] လှူဒါန်းပွဲတွင် လှူဒါန်းငွေများနှင့် ပ[...]

ပညာရေး ဒုတိယဝန်ကြီး [...] ကရင်ပြည်နယ် ပညာရေးမိ[...]

ရန်ကုန် ဩဂုတ် ၂၃

ကရင်ပြည်နယ် ပညာရေးမိသားစုများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၂ရက်မွန်းလွဲပိုင်းတွင်ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

အားထုတ်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အတူမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

အမှတ်တရ ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးခေတ်မီ အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲတွင် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ယမန်နေ့တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန၌ ဝန်ကြီးဌာနရှိ လုပ်ငန်း/ဌာနများမှ ဒီပလိုမာဘွဲ့သင်တန်း တက်ရောက်ကြမည့် သင်တန်းသား ၇၈ဦးနှင့် စိုက်ပျိုးရေးလက်တွေ့ လုပ်ငန်းခွင်သင်တန်းသို့ တက်ရောက်မည့် သင်တန်းသား ၁၀၀ စုစုပေါင်း ဝန်ထမ်းသင်တန်းသား ၁၇၈ဦးအား တွေ့ဆုံ၍ သင်တန်းမှ ရရှိသော စိုက်ပျိုးရေးနည်းပညာများကို မိမိတို့တာဝန်ကျ ဒေသများသို့ ပြန်လည်ရောက်ရှိသည့်အခါ တောင်သူလယ်သမားများထံ ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့ကျင့်သုံးရေး နည်းပညာ ပြန့်ပွားရန် မှာကြားသည်။

ယှဉ်ပြိုင်စမ်းသပ်

ထို့နောက် ဝန်ကြီးသည် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာတွင်ရှိသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တောင်သူလယ်သမား စိုက်ပျိုးရေးနည်းပညာပေးစခန်းတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးပညာပေးရေးဌာနခွဲတို့ ပူးပေါင်းသုတေသနပြု ဆောင်ရွက်နေသည့် သုတေသနစပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ခပေါင်းတမံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် ခပေါင်းချောင်းကို မြေသားတမံပိတ်၍ ရေလှောင်တမံ တည်ဆောက်နေသည့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးဇစ်တာက ရေလွှဲဥမင်လိုဏ် တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံ တည်ဆောက်မည့်နေရာရှေ့တွင် ပင်မတမံ ရှေ့အခြေပိုင်းပြီးစီးမှု၊ ကန်ကြောတမံပြီးစီးမှု၊ ရေလွှဲဥမင် အဝင်ပိုင်းမှ ရေလွှဲထုတ်မှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ရှင်းလင်းပြသသည်။

စိုက်ပျိုးရေရေကတစ်သိန်း

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သည့် ရေလှောင်တမံ စီမံကိန်းတစ်ခုဖြစ်ပြီး ရေဘေးကာကွယ်ရေး၊ စိုက်ပျိုးရေဧက တစ်သိန်းရရှိရေးအပြင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးပါ ပူးတွဲပါရှိသည့် စီမံကိန်းကြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၇) သကြားစက်(အုတ်တွင်း)သို့ ရောက်ရှိပြီး နိုဝင်ဘာလလယ်တွင် စတင်လည်ပတ်ရန် စက်ရုံရှိ ကြိတ်လုံးများ၊ ဘွိုင်လာ၊ ကျိုချက်ကန်များ ပြုပြင်မွမ်းမံမှုကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

...မြေပြန့်မကျန် တစ်နိုင်ငံလုံး လွှမ်းခြုံဖြစ်ပေါ် ...စ်သိန်းတစ်သောင်းကျော် ပညာသင်ကြားလျက်ရှိ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး ခေတ်မီ အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲတွင် လှူဒါန်းငွေများနှင့် ပစ္စည်းများကိုလက်ခံစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပြတိုက်ထိန်းသိမ်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ အာဆီယံ ယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ (ASEAN -COCI)နှင့် ဩစတြေးလျနိုင်ငံ Aus- Heritageတို့ ပူးပေါင်းစီစဉ်မှုဖြင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပြတိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင် နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီမှ တာဝန်ရှိသူများ၊ ဩစတြေးလျနိုင်ငံ Aus- Heritageဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဆိုင်ရာ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် စာတမ်းရှင်များ၊ လေ့လာသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနမှညွှန်ကြားရေးမှူး ဒေါ်နန္ဒာမွန်းက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဩစတြေးလျနိုင်ငံ Aus- Heritageဥက္ကဋ္ဌ Mr. Vinod Danielက ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပြတိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း အကြောင်းရင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ စာတမ်းဖတ်ပွဲ သဘာပတိအဖွဲ့ဝင်များနှင့် ပြည်တွင်း ပြည်ပ စာတမ်းရှင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖတ်ကြားတင်ပြ

အခမ်းအနားအပြီးတွင် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲကိုကျင်းပရာ ပြည်တွင်း ပြည်ပ စာတမ်းရှင်များက ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းအသီးသီးကို ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများ၏ မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်ကျင်းပမည်

အဆိုပါ စာတမ်းဖတ်ပွဲကို ဩဂုတ် ၂၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြတိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ရက်တွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီ (ASEAN-COCI) နှင့် ဩစတြေးလျနိုင်ငံ Aus-Heritage တို့ ပူးပေါင်းစီစဉ်ကျင်းပသော ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာရေး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း ကရင်ပြည်နယ် ပညာရေးမိသားစုနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၃

ကရင်ပြည်နယ် ပညာရေးမိသားစုများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၂ရက်မွန်းလွဲပိုင်းတွင်ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်နှင့် တာဝန်ရှိသူများ၊ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဦးစောဟန်စိန်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ မွန်ပြည်နယ် ပညာရေးမှူး၊ ကရင်ပြည်နယ် ပညာရေးမှူးနှင့် လက်ထောက် ပြည်နယ်ပညာရေးမှူးများ၊ ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ပညာရေးမှူးများနှင့် လက်ထောက် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆရာ၊ ဆရာမများအနေဖြင့် လူ့စွမ်းအား အရင်းအမြစ် ဖြစ်သော ကျောင်းသား၊ ကျောင်းသူများကို အရည်အချင်းရှိသူများဖြစ်လာစေရန် ထိထိရောက်ရောက် သင်ကြားပေးရေး၊ ကျောင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရေး၊ ဆရာ၊ ဆရာမများ အနေဖြင့် သင်ကြားရေးသာမက ပြင်ပဗဟုသုတများ ရရှိအောင်လေ့လာပြီး စနစ်တကျ စီမံခန့်ခွဲနိုင်ရေးစသော ရှေ့ဆက် လုပ်ဆောင်ရမည့် ပညာရေးလုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (MMCWA)နှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ (၁၀)နှစ်မြောက် (ICPD+10) အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❍ **အပြည်ပြည်ဆိုင်ရာမှ**

ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ UNFPA ဌာနေကိုယ်စားလှယ် Mr. Najib Assifi ၊ UNICEF ဌာနေကိုယ်စားလှယ် Ms. Carroll C. Long၊ WHO ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများမှ လူငယ်လူရွယ်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ လူငယ်လူရွယ် ကိုယ်စားလှယ် ၅၂ ဦးတို့ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib. Assifi က အမှာစကားပြောကြားသည်။

ထို့နောက် လူငယ်လူရွယ် ကိုယ်စားလှယ်များက ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တို့အား အထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ခန်းမအပြင်ဘက်၌ ခင်းကျင်းပြသထားသော လူငယ်လူရွယ်ကျန်းမာရေး ပညာပေး ပစ္စည်းများနှင့် လှုပ်ရှားမှု ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် လူငယ်တွေ့ဆုံပွဲ ဆွေးနွေးမှုအစီအစဉ်များကို ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူငယ်လူရွယ် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ လူငယ်တွေ့ဆုံပွဲဆွေးနွေးမှုအစီအစဉ်များကို ဩဂုတ် ၂၄ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၄ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရထား)

▲ **ရန်ကုန်မြို့ပတ်ရထားမှ**

ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိတ္ထီလာမှ ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း/ပြည်နယ်များမှ အရာရှိများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အထူးလိုအပ်

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် စီးပွားရေးဆိုင်ရာဝန်ကြီးဌာနဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးအပိုင်း၌ အဓိကအပိုင်းမှ ပါဝင်လျက်ရှိကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် မပြီးစီးသေးသော စီမံကိန်းလုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင် ကြိုးပမ်းဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများတွင် ရန်ကုန်မြို့တွင်း ခရီးသွားလာရာတွင် ကျပ်တည်းမှုအခက်အခဲမရှိစေရန် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတိုးချဲ့ပြေးဆွဲရန် စီစဉ်လျာထားချက်ရှိကြောင်း၊ ထို့အတူ ရန်ကုန်/မန္တလေးရထားလမ်းပိုင်းတွင် ရထားများ သွားလာခုတ်မောင်းမှု ပိုမိုအဆင်ပြေကောင်းမွန်စေရေးအတွက် ဒွေးလမ်းဖောက်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း မှာကြားသွားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့က လုပ်ငန်းများ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်များကို သုံးသပ်လျက် အားသာချက်ရရှိရေးတို့ကို မှာကြားသွားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မွန်းလွဲပိုင်းတွင် အကောင်းဆုံးတိုင်း ပထမဆုရရှိသော တိုင်းအမှတ်(၃)၊ ဒုတိယဆုရရှိသော တိုင်းအမှတ်(၂)နှင့် တတိယဆုရရှိသော တိုင်းအမှတ်(၄) တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အကောင်းဆုံး စက်ရုံဆုရရှိသော လူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်နှင့် သွားလာပို့ဆောင်ရေးဌာနမှ အကောင်းဆုံးစာတမ်းဆုပထမ၊ ဒုတိယ၊ တတိယရရှိသော အရာထမ်းများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းက စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် မြို့ပြ အင်ဂျင်နီယာဌာနတို့မှ အကောင်းဆုံးစာတမ်းဆု ပထမ၊ ဒုတိယ၊ တတိယရရှိသော အရာထမ်းများအား လည်းကောင်း အသီးသီးဆုချီးမြှင့်သည်။

ယင်းနောက် မြန်မာ့မီးရထားတိုင်းအရာရှိများက တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြပြီး သက်ဆိုင်ရာ ဌာနအကြီးအကဲများကလည်း ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို အသီးသီးဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)



မိုးရာသီ အလွတ်တန်း ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး အုပ်စုပတ်လည်ပြိုင်ပွဲ၌ ပြည်ထဲရေးအသင်း၏ ရိုက်ချက်ကို အမှတ်(၁) စက်မှုအသင်း ကာကွယ်စဉ်။ (ကြေးမုံ)

ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီ အလွတ်တန်း ဘော်လီဘောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီ အလွတ်တန်း (အမျိုးသား၊အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီမှ စတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးစိုးသိမ်း၊ ဘဏ္ဍာရေးမှူး ဦးစိန်သောင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် အမျိုးသမီးပွဲစဉ်နှစ်ပွဲနှင့် အမျိုးသားပွဲစဉ် သုံးပွဲ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ၌ ပို့ဆောင်ရေး(ခ) အသင်းက ပို့ဆောင်ရေး(က)အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးအသင်းက အမှတ်(၁) စက်မှုအသင်းကို သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ကာကွယ်ရေး(လူငယ်)အသင်းက ကာကွယ်ရေး(မျိုးဆက်သစ်)အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မြို့တော်စည်ပင်အသင်းက ပို့ဆောင်ရေးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးအသင်းက ကက(ရေ)အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

ပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ကာကွယ်ရေး(မျိုးဆက်သစ်)၊ မြို့တော်စည်ပင်၊ ပြည်ထဲရေး၊ ကက(ရေ)၊ ပို့ဆောင်ရေး၊ ကာကွယ်ရေး(လူငယ်)တို့ ပါဝင်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ကာကွယ်ရေး၊ ပို့ဆောင်ရေး(ခ)၊ အမှတ်(၁)စက်မှု၊ ပြည်ထဲရေး၊ ပို့ဆောင်ရေး(က)အသင်းတို့ ပါဝင်ကြသည်။

အုပ်စုပွဲစဉ်များကို နေ့စဉ်နံနက် ၉နာရီမှစတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံ အားကစားရုံ၌လည်းကောင်း၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ ဘော်လီဘောအားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုအားပေးနိုင်ကြမည် ဖြစ်သည်။

(ကြေးမုံ)

မလှိုင် စိန်ရတုမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

မလှိုင်မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဝိနည်းစာတော်ပြန်ပွဲ (၇၅)နှစ်မြောက် စိန်ရတုမဂ္ဂဇင်းကို တာဝန်ခံ အယ်ဒီတာ သိန်းတိုး စီစဉ်တည်းဖြတ်၍ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် ဆရာကြီးဦးသုခ၊ ဘုန်းနွယ်၊ ငွေဥဒေါင်း၊ သော်တာဆွေ၊ အရှင်ဣန္ဒက (ပုလဲ)၊ မောင်ဆုရှင်၊ စောလူ၊ လေးမြိုင်၊ အရှင်စန္ဒဓောတိ၊ ရဝေထွန်း၊ စောမုံညင်း၊ ဒေါက်တာ ခင်မောင်ညို၊ မကြွယ်ကြွယ်၊ မအိ၊ ဒဂုန်ဦးစန်းငွေ၊ ရန်အောင်၊ သန်းအောင်(အညာမြေ)၊ မောင်စိုးထိုက်(သုံးဆယ်)၊ မောင်စိုးရ(မလှိုင်)၊ တောသားကြီးလှနိုင်၊ မောင်နှင်းအောင်(မလှိုင်)၊ အေးပြည့်ဝေခင်၊ နေမိုးချွန်း(မလှိုင်)တို့၏ ဘာသာ၊ သာသနာ၊ သုတရသ စာကဗျာများ၊ ငွေကြည်၊ မောင်ဝဏ္ဏ၊ မြေဇာ၊သစ်ထွဏ်းတို့၏ ကာတွန်းများ၊ စာတော်ပြန်ပွဲဆိုင်ရာ မှတ်တမ်း ဓာတ်ပုံဝေဝေဆာဆာ ဖော်ပြထားပြီး စက္ကူချော၊ အတ်ကတ်ဖုံးဖြင့် ထူထူခံ့ခံ့ ထုတ်ဝေလိုက်ကြောင်း သိရှိရသည်။

(က-ပ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

ကျေးလက်လမ်းလုပ်ငန်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ လျာထားချက်နှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ပြည်နယ်၊တိုင်း ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ ဒေသ ကြီးကြပ်ရေးမှူးများ တက်ရောက်ကြသည်။

လျာထားချက်နှင့်အညီ

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် စည်ပင်သာယာရေးအဖွဲ့များသည် မြို့များ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ ကျေးလက်လမ်းလုပ်ငန်းများ၊ ကျေးလက်ရေပေးရေးလုပ်ငန်းများ၊ ကျေးလက်အိမ်ရာ တည်ဆောက်မှုလုပ်ငန်းများကို လျာထားချက်နှင့်အညီ အချိန်မီပြီးစီးအောင်၊ ယာဉ်ယန္တရားများကို အကျိုးရှိစွာ အသုံးချ၍ သွက်သွက်လက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများ ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်ကြရန်၊ ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများကို စနစ်တကျ မှတ်တမ်းတင်ထားပြီး ငွေကြေးသုံးစွဲမှုများကို တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် လူငယ်သင်တန်းကျောင်းများ၊ အိမ်တွင်းမှု သင်တန်းကျောင်းများ၊ ဒီဂရီကောလိပ်များ၏ ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်နိုင်ကြရန် အသေးစိတ် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သန်းထွန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း မှာကြားကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် ကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်က ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်သုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက ဥပဒေနှင့် အခွန်ရေးရာကိစ္စများ၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများ၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝေနေယျသုခ ပြက္ခဒိန်ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၅ ခုနှစ်အတွက် ဝေနေယျသုခ ရေချမ်းစင်အသင်း ပြက္ခဒိန်နှစ်မျိုး တစ်ပြိုင်တည်းထွက်ပြီဖြစ်သည်။

တစ်နှစ်စာရေဖိုးငွေကျပ် အနည်းဆုံး ကျပ် ၁၅၀ လှူသူအား မြန်မာစက္ကူချောဖြင့်လည်းကောင်း၊ ငွေကျပ် ၂၀၀ လှူသူအား နိုင်ငံခြားစက္ကူဖြင့် လည်းကောင်း ပြက္ခဒိန်တစ်စောင်လက်ဆောင်ပေးမည်။ ရေအလှူဒါန ခုနှစ်မျိုးအတွက် အနည်းဆုံး ကျပ် ၇၀၀ လှူသူ၊ ဝေနေယျသုခ ဓမ္မာရုံ ဘက်စုံအလှူနှင့် ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လှူ ကျပ်တစ်သောင်းအလှူရှင်များအား ကမ္ပည်းမော်ကွန်းတင်၍ ပြက္ခဒိန်များနှင့် ဂုဏ်ပြုလွှာပေးအပ်မည်ဟုသိရသည်။ (က-ပ)

မိသားစုဝင်ငွေတိုးလုပ်ငန်း ရင်းနှီးမတည်ငွေထုတ်ပေး

ရန်ကုန် ဩဂုတ် ၂၃

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ မိသားစု ဝင်ငွေတိုး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ရင်းနှီးမတည်ငွေ ထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် နာယကအဖွဲ့ဝင်များ၊ ပြည်နယ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ကြမည့်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားသည်။

ထို့နောက်တိုင်းမှူး၏ဇနီးက မိသားစုဝင်ငွေတိုးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ကြမည့်သူများအား ရင်းနှီးမတည်ငွေများ ပေးအပ်သည်။ (သတင်းစဉ်)

ကွယ်လွန်သူဒေါ်သန်းလှအား ရည်စူး၍ အမှတ်-၉၉(ဒီ) 3.4 သံလွင်လမ်း ဗဟန်းမြို့နယ်နေ ခင်ပွန်းဦးမြသီးနှင့် သားသမီးမြေးများက ငွေကျပ်ငါးသိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်ၤန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ဩဂုတ် ၂၂ရက်က လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံစဉ်။ (က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်ချီ၊စစ်ရေးတေးပြိုင်ပွဲ စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ စစ်ချီ၊စစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီ၊စစ်ရေးတေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

စစ်ချီတေးပြိုင်ပွဲနှင့် ပတ်သက်၍ အလွတ်တန်းအဆင့် တစ်ဆင့်တည်းသာ သတ်မှတ်ထားပြီး စစ်ရေးတေးပြိုင်ပွဲ အနေဖြင့် အဆင့်(၁)နှင့် အဆင့်(၂) နှစ်ဆင့်သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

အစဉ်အလာ (၁၂)ရပ်

စည်းကမ်းသတ်မှတ်ချက်များမှာ စစ်ချီ၊ စစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တို့အပေါ်တွင် အခြေပြု၍ ဘောင်ဝင်အောင် ရေးစပ်သီကုံးကြရမည်။

စစ်ချီတေးအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးတေးအတွက် အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ နှစ်ဆင့်ခွဲခြားထားမည်ဖြစ်ရာ အဆင့်(၁)ရှိသူ ဂီတစာဆိုနှင့်တေးသံရှင်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုမည်မဟုတ်ဘဲ စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အနေအဖြင့်သော်လည်းကောင်း သီချင်းတစ်ပုဒ်ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင် စစ်ချီတေးသီချင်းများသည် စစ်ချီသီချင်း စပ်ထုံးစပ်နည်းစနစ်များနှင့်အညီ ကိုက်ညီရမည်။

မြန်မာ့တေးသွား၊ မြန်မာ့ဟန်

ပြိုင်ပွဲဝင် စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊ မြန်မာ့ဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီ၊စစ်ရေးတေး အားလုံးသည် ကိုယ်ပိုင်သံစဉ်တေးသွားဖြစ်ရမည်။ မြန်မာ့တေး စပ်ထုံးစပ်နည်းများနှင့်အညီ အပိုဒ်၏ အဆုံးချကာရံများ တူညီရမည်။ အချိန် ၄ မိနစ်မှ ၆ မိနစ်အတွင်းသာ ဖြစ်ရမည်။

ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံ့သော အဆိုနှင့် ပြည့်စုံသော တီးခတ်မှုများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင် ကက်ဆက်တိပ်ခွေ(သို့မဟုတ်) Reel(သို့မဟုတ်) Datခွေတစ်ခွေတွင် တေးသီချင်းတစ်ပုဒ်သာ အသံသွင်း ယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင့်လျော်သလို ပေးနိုင်သည်။ ပြိုင်ပွဲဝင်တေးသီချင်း စာသားကို လက်နှိပ်စက်မိတ္တူ(၁၀) ရွက်နှင့် Music Notes မူရင်းတစ်ရွက်ကို ကက်ဆက်ခွေ(သို့မဟုတ်) Reel (သို့မဟုတ်) Dat တိပ်ခွေနှင့် တစ်ပါတည်း ပူးတွဲ တင်ပြရမည်။

ပြိုင်ပွဲဝင် တေးရေးသူ၊ တေးဆိုသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် (၂ လက်မ X ၂ လက်မခွဲ) အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲပေးပို့ရမည်။ ပဏာမ ရွေးချယ်ခံရသူများအား အကြောင်းကြားမည်။ ပဏာမ ရွေးချယ်ခံတေးများသည် အပြီးသတ်ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်းကြိုးခွေ တိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။

နောက်ဆုံးထားပေးပို့

ပြိုင်င်ပွဲဝင်တေးသီချင်းများကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စစ်ချီ၊ စစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၉)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် ရှင်ပညာဇောတ၊ ညွှန့်ဟံ(ကြူတော)၊ အောင်စိုး(တိရစ္ဆာန် ဆေးကုဆရာဝန်)၊ လှထူး(မွေး/ကု-မြိုင်)၊ မစည်သူ၊ မောင်ယင်းမာ (ရိုးပြတ်တော)၊ သက်သက်သင်း(ပညာရေး)၊ အဝါ(ဓနီးကုန်း)၊ သိပ္ပံမင်းလွင်၊ မောင်ပညာကျော်၊ ခွန်းချိုသာလှိုင်(သီလဝမြေ)၊ ကောင်းဆက်(ကြေး/မြေ)၊ ထွန်းထွန်း၊ အောင်ကျော်ဖြိုး၊ ဘိုဋ္ဌေး(တနင်္သာရီ)၊ ခြိမ့်နိုင်၊ ခင်သစ္စာကျော်၊ H.K၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)တို့၏ မှတ်ဖွယ်သုတ၊ ရသဆောင်းပါးများ၊မြသီတာသန်းတင်၊ ဇာနည်တို့၏ ကဗျာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်းရင်းဆေး၊ အင်္ဂလိပ်စကားပြော၊ ဗေဒင်၊ မိုးလေဝသ၊ ကုန်ဈေးနှုန်းသတင်းများ၊ သရုပ်ဖော် ပန်းချီကာတွန်းစသည်ဖြင့် စုံလင်စွာ ဖော်ပြပါရှိသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ ဝါမိုးအောင် စာပေ၊ သတင်းနှင့်စာနယ်ဇင်းအရောင်းဆိုင်၊ စာပေဗိမာန်အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်သည်။ (က-ပ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း စိုက်/မွေးအထူးဇုန် ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ရ-က-တ)

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင် ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်ကြီးသို့ သွားရောက်၍ ဟင်းသီးဟင်းရွက် စိုက်ပျိုးနေမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေအား အထူးဇုန်(၂) ရှင်းလင်းဆောင်၌ အထူးဇုန်(၁)တာဝန်ခံ ရန်ကုန်တိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်း၊ အထူးဇုန်(၂) တာဝန်ခံ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်နှင့် အထူးဇုန်(၃)တာဝန်ခံ၊ ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြင်ထွန်းတို့က သက်ဆိုင်ရာ ဇုန်များအလိုက် မြေပြုပြင်ထားရှိမှု၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နေမှု၊ အသားစားကြက်၊ ဥစားကြက်များမွေးမြူထားရှိမှု၊ ကြက်ဥနှင့် ကြက်သား ထုတ်လုပ်နိုင်မှုနှင့် ငါးမွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အထူးဇုန်များအတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ အထူးဇုန်အတွင်းရှိ ကတ္တရာလမ်းများနှင့် ဂဝံလမ်းများပြုပြင်ထိန်းသိမ်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ ပြုပြင်ပြီးစီးမှု၊ ပိုက်ပွန်များအစား Box Culvert များဖြင့် ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားပေးနေမှု၊ အော်တိုတယ်လီဖုန်းလိုင်းများ တပ်ဆင်ပြီးစီးမှုနှင့် တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ကူညီပံ့ပိုးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက လုပ်ငန်းများတိုးမြှင့် ဆောင်ရွက်နိုင်ရန် ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ပတင်ပို့ရေး

ယင်းနောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်ကြီးကို ရန်ကုန်မြို့နေပြည်သူများ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ လုံလုံလောက်လောက် စားသုံးနိုင်ရန်နှင့် ပိုလျှံပါက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ရည်ရွယ်၍ တည်ထောင်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်၏ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လယ်ယာကဏ္ဍမှထွက်ရှိသည့် သီးနှံများသာမက၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်များပါ ပြည်တွင်းစားသုံးမှုပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားကြောင်း။

တိုင်းရင်းသား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များကလည်း မိမိတို့ရယူထားသည့် မြေနေရာများ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများကို မိရိုးဖလာ စိုက်ပျိုးနည်းများအပြင် ခေတ်မီနည်းစနစ်များပါ အသုံးပြု စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ စိုက်ပျိုးနည်းပညာများ ဖြန့်ဝေပေးနိုင်ရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာပေးဌာနတစ်ခု ဖွင့်လှစ်ထားရှိပေးထားကြောင်း၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးကြရန်ဖြစ်ကြောင်း မှာကြားပြီး တိုင်းရင်းသား စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်တိုင်းမှူးနှင့်အဖွဲ့သည်အထူးဇုန်(၂)ရှုရပ်မျှော်စင်မှ အထူးဇုန်(၂) အတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် ကြက်၊ ငါး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် အထူးဇုန်(၂)ရှိ ဦးအောင်ဝင်း၏ စိုက်ခင်းအတွင်း၌ ခရမ်း၊ ငရုတ်၊ မုန်လာနှင့် ဖူးစားပြောင်းများ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများ၊ အထူးဇုန်(၂)ရှိ ဦးကျော်နိုင်၏ကြက်မွေးမြူရေးခြံ၌ Battery Cage စနစ်ဖြင့် ဥစားကြက်များ မွေးမြူဖြစ်ထွန်းနေမှု အခြေအနေများနှင့် တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ အထူးဇုန်(၃)အတွင်း၌ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်နေမှု အခြေအနေများ၊ အထူးဇုန်(၃)ရှိ ဦးရဲလွင်၏ စိုက်ခင်း၌ နနွင်းစိုက်ခင်းနှင့် ချင်းပျိုးထောင်ထားရှိမှု အခြေအနေများ၊ ဧက ၃၀ထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး မြေပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါး မွေးမြူရေး အထူးဇုန်ကြီး၌ ဝန်ကြီးဌာနများ၊ တိုင်းရင်းသား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် ကြက်၊ ငါး မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအနေဖြင့် ယနေ့အထိ ၆၀၇၅ဧက စိုက်ပျိုးပြီးဖြစ်သည်။ ကြက်မွေးမြူရေး လုပ်ငန်းအနေဖြင့် အသားစားကြက်နှင့် ဥစားကြက် ၁၂သိန်းကျော် မွေးမြူနိုင်ခဲ့ပြီး အသားစားကြက် ၁၀သိန်းကျော် ထုတ်လုပ်ရောင်းချပြီးဖြစ်သည်။ ငါးမွေးမြူရေး လုပ်ငန်းအနေဖြင့် ငါးကန် ၅၆၈ဧက တူးဖော်ထားရှိကာ ငါးကောင်ရေ ၁၃သိန်း ခြောက်သောင်းကျော် မွေးမြူထားရှိသည်။ (သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် Support Fund Myanmar မှ ကလေးငယ်များအတွက် လှူဒါန်းသော ယူရိုငွေ ၃၀၀၀၀ခန့်တန်ဖိုးရှိ နို့မှုန့်နှင့် ဆေးရုံသုံး ပစ္စည်းများ လက်ခံယူစဉ်။ (ကျန်းမာရေး)

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် နို့မှုန့်နှင့် ဆေးရုံသုံးပစ္စည်း လှူဒါန်းပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာနသို့ ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် Support Fund Myanmar အဖွဲ့မှ ကလေးငယ်များအတွက် နို့မှုန့်နှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား ကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် လက်ခံယူသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ Support Fund Myanmar အဖွဲ့မှ Mrs. Yve Callebaut နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ Support Fund Myanmar အဖွဲ့မှ Mrs. Yve Callebaut က နို့မှုန့်နှင့် ဆေးရုံသုံး ပစ္စည်းများလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ယူရိုငွေ ၃၀၀၀၀ ခန့် တန်ဖိုးရှိ နို့မှုန့် ၁၀ တန်နှင့် ကလေးငယ်များအတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မော်လမြိုင် အထက(၆) အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၃

မော်လမြိုင်မြို့ မော်တင်လိမ်းဂျဒ်ဆင်နှင့် အမှတ်(၆)အထက ကျောင်းတွင် (၁၉၄၆-၁၉၇၅)ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက်(၆၀) ပြည့်ဆရာ၊ ဆရာမများအား တပည့်ဟောင်းများက ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ဖမိုင်ခွဲ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC) ခန်းမတွင် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ဦးသိန်းဝင်း ဖုန်း-၀၁-၂၀၂၀၆၂၊ ဦးငွေကိုင် ဖုန်း-၀၁-၅၈၄၇၉၆၊ ဦးအောင်ပြုံး ဖုန်း-၀၁-၂၉၃၈၄၇၊ ဒေါ်မြမြ ဖုန်း-၀၁-၅၄၁၅၆၉၊ ဒေါက်တာဟန်ဝင်းကျော် ဖုန်း-၀၅၇-၂၁၄၄၂၊ ဒေါ်မော်မော်ခင် ဖုန်း-၀၅၇-၂၃၃၂ နှင့် တက်နေထွန်း ဗီဒီယိုတို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မင်္ဂလာတောင်ညွန့် မြို့နယ် အမက(၁၁)၏ ၂၀၀၃-၂၀၀၄ခုနှစ် မိဘဆရာ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၃ရက်က ကျောင်းခန်းမတွင် ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ဘာသာစုံ၊ ဘက်စုံ ပထမစံပြဆုရရှိသူ မယမင်းစိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနုက ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ (၃၂)

စမ်းချောင်းမြို့နယ် အမှတ်(၅၀) သံတံတားလမ်းနေ ဦးအောင်မိုး-ဒေါ်ကြူကြူခိုင်၊ သမီး ကျော့ရွှေရည် မိသားစုတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို ဩဂုတ် ၁၁ရက်က လှူဒါန်းရာ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။ (က-ပ)

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သမဝါယမဦးစီးဌာန ကွန်ပျူတာသင်တန်း (Accpac/ Access) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သမဝါယမ)

သမဝါယမဦးစီးဌာန ကွန်ပျူတာသင်တန်းဖွင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၃

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ကွန်ပျူတာသင်တန်း (Accpac /Access) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။

အားပေးဆောင်ရွက်

အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ သမဝါယမဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမလုပ်ရှားမှုတွင် ပါဝင်နေသော စည်းရုံးရေးမှူးများဖြစ်ကြသည့် သမဝါယမ ဦးစီးဌာနအဆင့်ဆင့်မှ ဝန်ထမ်းများ၊ သမဝါယမအသင်း အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဒါရိုက်တာများ၊ မန်နေဂျာများ၊ ဝန်ထမ်းများအတွက် ပညာပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သမဝါယမကဏ္ဍအနေဖြင့် ကုန်ထုတ်ဝန်ဆောင်ကုန်သွယ် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သည့် နေရာများ၌ သတင်းအချက်အလက်နှင့် ပြန်ကြားရေးနည်းပညာများကို သိကျွမ်းနားလည်ပြီး လက်တွေ့အသုံးချဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ဝန်ထမ်းများသည် ပြည်သူများနှင့်လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက် ကြရန်လိုကြောင်း။

အချိန်ကာလကိုလိုက်ပြီး ချမှတ်ထားသည့် မျှော်မှန်းချက်များကို ပြောင်းလဲလာသည့် အခြေအနေများနှင့်အညီ ကြိုတင်တွက်ဆပြီး လိုက်လျောညီထွေ တည်ဆောက်နိုင်မှု စွမ်းရည်မျိုးရှိရန် လိုကြောင်း၊ ခေတ်မီကွန်ပျူတာဘာသာရပ်များကို သင်ကြားရာတွင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများ ကိုယ်တိုင် တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များကို တိုးတက်ပြောင်းလဲမှုနှင့်အညီသိရှိအောင် ကြိုးပမ်းဆောင်ရွက်ပြီး မိမိတို့တတ်ကျွမ်းသောပညာရပ်များကို တစ်ဆင့်ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏အရည်အသွေးကို မြှင့်တင်ရန်နှင့် မိမိတို့သင်ကြားပေးလိုက်သော သင်တန်းသားများသည် ခေတ်နှင့်အညီ ရင်ပေါင်တန်းလုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်မှန်းချက်ထားရှိပြီး ကြိုးစားသင်ယူကြရန် ပြောကြားသွားသည်။

ထို့နောက်ကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ သင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၅ ရက်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၅ ခုနှစ် ရုံးသုံးပြက္ခဒိန်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သက်သာချောင်ချိရေး လုပ်ငန်းအဖွဲ့က ၂၀၀၅ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ရုပ်ရှင်၊ဗီဒီယိုသရုပ်ဆောင် ပပဝင်းခင်၏ မြန်မာမှုသရုပ်ဖော်ပုံ မျက်နှာဖုံးနှင့်အတူ ယနေ့စတင်ဖြန့်ချိလိုက်သည်။ ၂၀၀၅ခုနှစ် ပြက္ခဒိန်ကို အစောင် ၅၀ နှင့်အထက် မှာကြားဝယ်ယူသူများထံ ကိုယ်စားလှယ်နှုန်းတစ်စောင်လျှင် ငွေကျပ်၁၆၀ဖြင့် စရိတ်ငြိမ်းပေးပို့မည်ဖြစ်သည်။ အမှာစာပေးပို့ထားသော မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များသို့ အမှာစာအရလည်းကောင်း၊ အမှာစာနောက်ကျနေသော မြို့နယ်များသို့ ယမန်နှစ်ကပေးပို့ခဲ့သည့် အရေအတွက်အတိုင်းလည်းကောင်း စက်တင်ဘာ ၁ ရက်မှစတင်၍ စာတိုက်မှ မှတ်ပုံတင်၍ ပေးပို့မည်ဖြစ်သည်။

ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပြက္ခဒိန်အရောင်းကိုယ်စားလှယ်များအနေဖြင့် ဝယ်ယူလိုပါက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ် ဖုန်း-၂၅၂၄၁၇၊ ၂၅၄၁၇၃ တို့သို့ ဆက်သွယ်မှာကြားနိုင်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရေတပ်လေ့ကျင့်ရေး ဌာနချုပ်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး မောင်ဦးလွင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများနှင့် တပ်၊ စခန်း၊ရေယာဉ်များမှ အရာရှိ၊စစ်သည်များ တက်ရောက်ကြသည်။

ပြိုင်ပွဲသို့ အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဩဂုတ် ၂၃ရက်က ဗုဒ္ဓပူဇနိယဆီမီး(၉၉၀၀)အဖွဲ့ (အင်းစိန်)ကကြီးမှူး၍ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ တာဝန်ရှိသူများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၄ - ၂၀၀၅ခုနှစ် ရည်မှန်းချက် ပြည့်မီကျော်လွန်အောင် ဖိဖိစီးစီး ကြိုးပမ်း

ရန်ကုန် ဩဂုတ် ၂၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂၀၀၄ခုနှစ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စု ရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်း၊ခရိုင်အသီးသီးမှစီမံကိန်းဦးစီးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်လေးရပ် ချမှတ်ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဌာနများအနေဖြင့် မိမိတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်မှု ရှိ၊ မရှိ ချိန်ထိုးသုံးသပ်ကြည့်ပြီး အားနည်းသည်များကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အားသာချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနတိုင်းတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ထိရောက်တွင်ကျယ်စွာ အသုံးပြုရေးကို အထူးအလေးအနက်ထား ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် တတိယကာလတို ငါးနှစ်စီမံကိန်းကို ၂၀၀၁-၂၀၀၂ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ ယခုအချိန်သည် စီမံကိန်းစတုတ္ထနှစ်ဖြစ်သည့် ၂၀၀၄-၂၀၀၅ခုနှစ် ဇူလိုင်လကုန်အထိ အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း၊ အကောင်အထည်ဖော်ပြီးစီးမှုအပေါ်မူတည်၍ အားသာ အားနည်းချက်များကို သုံးသပ်ပြီး ၂၀၀၄-၂၀၀၅ ခုနှစ် ရည်မှန်းချက်ကို ပြည့်မီကျော်လွန်အောင် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တတိယကာလတို ငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စီမံကိန်းရည်မှန်းချက်ကို ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် တည်ငြိမ်မြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်းကို ဆက်တိုက်ရရှိနေပြီဖြစ်ရာ ထိုအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန်ကဏ္ဍအသီးသီးမှ ဌာနအားလုံးပါဝင်ပြီး အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မိမိတို့လုပ်ငန်းဌာနအလိုက် ၂၀၀၄ခုနှစ် ဇူလိုင်လကုန်အထိ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်နားလိုက်သည်။ (သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်အလှူရှင်များ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ လှူဒါန်းခဲ့ကြသော ငွေပဒေသာပင် ငွေကျပ်တစ်သောင်းနှင့် အထက်အလှူရှင်များအား (၂၁)ကြိမ်မြောက် ရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယခု(၂၁)ကြိမ်မြောက်တွင် ၂၀၀၃ ခုနှစ် ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာအတွင်း လှူဒါန်းခဲ့ကြသော ငွေပဒေသာပင်အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သိရိရတနာခန်းမအပေါ်ထပ်(ဓမ္မာရုံ)သို့ ကြွရောက်ကြပါရန် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်–

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(1)	Spares for 9 Base Station TV TX	(1) Set
(2)	Spares for Computer & Networking	(1) Set
(3)	အသံလွှင့်လုပ်ငန်းသုံး Tape များ	(8) Items
(4)	ရုပ်မြင်သံကြားလုပ်ငန်းသုံး Tape များ	(3) Items
(5)	ရုပ်မြင်သံကြားလုပ်ငန်းသုံးစက်ပစ္စည်းများ	(3) Items
(6)	10 W TV TX Complete Set	(4) Sets
(7)	အသံလွှင့်လုပ်ငန်းသုံးစက်ပစ္စည်းများ	(12) Items
(8)	Radio Studio Digitalization Equipment for Studio(E)	(1) Set
(9)	Plain Paper Copier A-3	(2) Nos
(10)	Copy Printer (2 Paper Tray)	(1) No
(11)	Digital Photo Copier (18.Copier A-3 Size)	(1) No

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(1)	Camera (28 to 90 mm Wide Zoom Lens With Case)	(20) Nos
(2)	Flash Gun	(20) Nos
(3)	TV Receiver (29") (Multi Colour)	(10) Nos
(4)	TV Receiver (21") (Multi Colour)	(10) Nos
(5)	Radio Cassette Recorder (130-Watts)	(10) Nos
(6)	Video Cassette Player(23 Watts) (240.V)	(10) Nos
(7)	Video Compact Disc Player	(65) Nos
(8)	Generating Set (2KVA)	(24) Nos
(9)	Air Corditioner (1HP) (Window Type)	(10) Nos

(ဂ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(1)	Wire Stitching Machine	(4) Nos
(2)	Air Corditioner (1.5HP) (Window Type)	(7) Nos
(3)	Battery Charger	(1) No
(4)	Clip on Amperer Meter (1 to 1000A)	(1) No
(5)	Plain Paper Copier	(2) Nos

(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(1)	Computer e-Mac	(14) Nos
(2)	Computer Pentium IV	(3) Nos
(3)	Laser Printer A-4	(7) Nos
(4)	Laser Printer A-3	(10) Nos
(5)	Dot Matric Printer A-3	(5) Nos
(6)	Scanner A-3	(5) Nos
(7)	Cutting Machine	(3) Nos
(8)	Generator	(1) No

(င) မြန်မာ့ရုပ်ရှင်လုပ်ငန်း

(1)	TV Receiver -21" (Multi Colour/Hifi) & Video Cassette Recorder (Hifi)	(12) Sets
(2)	35 mm Fuji Colour Negative Film(400')	(200) Rolls

၂။ တင်ဒါပေးသွင်းမှုကို (၃–၉–၂၀၀၄)ရက် (၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်–၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

ဆောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက်က ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များအား အသင်းနာယက ဒေါ်ခင်မာအေးနှင့်အသင်းသူ အသင်းသားများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။

(က–ပ)

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(၁) **အင်ဂျင်နီယာ G.T.I, E.T.E.C (Civil)** **ကျား(၂)ဦး**
တိုက်ဆောက်ခြင်းအတွေ့အကြုံ(အစမှအဆုံးအထိ) (၃)နှစ်ခန့် ကျွမ်းကျင်စွာပါဝင်ဆောင်ရွက်ဖူးရမည်။
(အသက် ၄၀နှစ်အောက်)

(၂) **ရုံးဝန်ထမ်း ရုံးလုပ်ငန်းဆောင်ရွက်ရန်** **ကျား(၂)ဦး**
သိပ္ပံဘွဲ့နှင့် B.Com (Stats) ဘွဲ့ဖြစ်ရမည်။
(အသက် ၃၅နှစ်အောက်)

- အထက်ပါအလုပ်အကိုင်လျှောက်ထားသူများသည် ကျန်းမာသန်စွမ်းရမည်။
- အကျင့်စာရိတ္တကောင်းမွန်ရမည်။(ရဲစခန်းနှင့်ရပ်ကွက်ရုံးထောက်ခံစာပါရမည်။)
- နံနက် (၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီအထိ (၃)ရက်အတွင်း ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ဆက်သွယ်ရန်ဖြစ်ပါသည်။

အမှတ်(၂၀၁)၊ရွှေဘုံသာလမ်း၊(ပ)ထပ်(ယာ)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၂၂၈၇၊ ၃၇၉၂၃၆။

Dr. Tin Latt

MANAGEMENT & ACCOUNTANCY TRAINING LTD.

No.165 Shwebontha Street, Pabedan Tsp.

Quality & Success

ACCA
1.1,1.2 (CBE)Courses
With E-Learning Course

CAT
Introductory & Intermediate Level
CBE Courses

Course

Commencing Date for CBE Course 28. 09.2004

Intensive Revision Class for December 2004 Exam

ACCA & CAT Revision Class Commencing date : 27.08.2004

Hotline: 242431,241713 E.mail : Drtinlatt@mat.com.mm

THREE FRIENDS CO., LTD
CONSTRUCTION & DECORATION

- Modern Furniture
- Wall Covering
- (PAE, Supervision)

Ph : 01-201121, 294864, 09-08-34431

idEa

Digital Inkjet Printing

Professional Sign Works & Accessories

No.220/ 222, Ground Floor, Botahtaung Pagoda Road, Pazundaung Township,Yangon, Myanmar. Tel : 01 - 202 224, Fax : 01 - 201 207, E - mail : idea@mptmail.net.mm

ရွှေဘို၌ ကျေးလက်ရေပေးရေး စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

ရွှေဘို ဩဂုတ် ၂၀

၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက် ရေပေးရေး အုန်းပေါက်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။ **(ယာပုံ)**

တက်ရောက်

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ စက်ရေတွင်း အလှူရှင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အာရှဖွံ့ဖြိုးရေးဘဏ်နေ ဒေါက်တာစိန်တင်(တွဲဖက်အမှုဆောင်ဒါရိုက်တာ)၊ ဇနီးဒေါ်ညွှန့်ညွှန့်ရွှေတို့ ကိုယ်စား ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ဦးငွေသိန်း၊ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဆန်းမော်ခင်က စက်ရေတွင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ဦးငွေသိန်းနှင့် အလှူရှင်၏သားဖြစ်သူ ဦးစိန်လွင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကုန်ကျငွေ

အုန်းပေါက်ကျေးရွာ စက်ရေတွင်းကို အဖွဲ့ရန်ပုံငွေ ၂၃၄၁၅၂ ကျပ်၊ နိုင်ငံတော်ထောက်ပံ့ငွေကျပ် သုံးသိန်း၊ အလှူရှင်မှ ထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်း ၁၀၃၄၁၅၂ ကျပ် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စက်ရေတွင်းမှာ အကျယ်နှစ်လက်မ၊ အနက်ပေ ၂၄၀ ဖြစ်ကာ ရေထွက်နှုန်းမှာ တစ်နာရီလျှင် ဂါလန် ၂၀၀၀ ထွက်ရှိပြီး ကျေးရွာနေ ပြည်သူများ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(က-ပ)**

(၄၀၇)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဆရာတော် ရွှေမန်းဦးသူရိယ (ကမ္မဋ္ဌာနာစရိယ) ဓမ္မကထိက ဗဟုဇနဟိတဓရ ၏ (၅၆)နှစ်မြောက် ဝိဇာတမွေးနေ့နှင့် (၄၀၇)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာကို ၁၃၆၆ ခု ဝါခေါင်လဆန်း ၁၂ ရက် ဩဂုတ် ၂၇ရက် (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးဆိုင်ရာ ဇုန်နယ်မြေများ သတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ယူနစ်တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ ခွာနာလျှာနာထိန်းချုပ်ရေးဆိုင်ရာ ဇုန်နယ်မြေများ သတ်မှတ်ရေး ညှိနှိုင်းဆောင်ရွက်မှု ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်(၁) (မန္တလေးတိုင်း သားငါးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ) ဦးကြင်လင်းနှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းတို့တွင် ခွာနာလျှာနာ ထိန်းချုပ်ရေးဇုန်နယ်မြေ တည်ဆောက်ရန်နှင့် ရောဂါပျံ့နှံ့မှုဆိုင်ရာ အချက်အလက်များကို စုဆောင်းရယူရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်ထိ ဆက်လက်ကျင်းပခဲ့သည်။ (သတင်းစဉ်)

APT နှင့် သီရိလင်္ကာ လေကြောင်း ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၃

APT လေကြောင်းနှင့် သီရိလင်္ကာ (Srilankan)လေကြောင်း အရောင်းစင်တာတို့၏ မြန်မာနိုင်ငံမှ ပြည်ပသို့ ခရီးသွားလာမှု လွယ်ကူစေရန် ပူးပေါင်းဆောင်ရွက်မှု ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက်တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ တာဝန်ရှိသူများက လေကြောင်းလိုင်းများ စီစဉ်ထားမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်၊ ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်မြင့်တို့နှင့်အတူ ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကျေးလက်ကျောက်ချောလမ်း ကျောက်စုဆောင်းထားရှိမှုကို ဩဂုတ် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြို့သာယာလှပရေး ဆောင်ရွက်

ကာမိုင်း ဩဂုတ် ၂၀

ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် အဖွဲ့ရုံးရှေ့နှင့် ပျိုးဥယျာဉ်တို့၌ ပန်းအလှပင် ပျိုးထောင်ခြင်း၊ ဂျပန်မြက်ခင်းအလှ စိုက်ပျိုးခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ ရက်က ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအင်ခွမ်တူး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးအေးဇော်မြင့်နှင့် ဝန်ထမ်းများက စုပေါင်းစိုက်ပျိုးသည်။ **(မြို့နယ်စည်ပင်)**

မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၃

မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီက မြစ်ကြီးနားမြို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်၊ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ထွန်းနှင့် ဦးစီးအရာရှိများ၊ စာရေးများ၊ သင်တန်းနည်းပြများ၊ မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်များမှ စာရေးဝန်ထမ်း သင်တန်းသား၊ သင်တန်းသူ ၁၆၇ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်၍ မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းက သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်များအား ပေးအပ်ရာ သင်တန်းသား ခေါင်းဆောင် ဦးထန်းကီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လုပ်အားရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၂၃

မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက် ညောင်ပင်ဇောက် မြောက်ပိုင်း၏ "လုပ်အားရောင်ခြည်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၇ နာရီခွဲ တွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မုံရွာခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် "လုပ်အားရောင်ခြည်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးဘလှ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးတင်အုန်းနှင့် ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးတင်သန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီသို့ ဦးမြင့်ထွန်း-ဒေါ်ခင်မာလာ (ခွဲစက်မှုလက်မှုလုပ်ငန်း- မုံရွာစက်မှုဇုန်) မိသားစုက အလှူငွေကျပ် ၇၀၀၀၀၊ နတ်လူထိပ်ပန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့က ငွေကျပ် ၁၀၀၀၀နှင့် စာအုပ်အလှူရှင် ၂၃ဦးတို့က စာအုပ်၊ မဂ္ဂဇင်း ၁၂၇၅ အုပ် ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံးအသင်း အားကစားသမားများအတွက် အားကစားပစ္စည်းများ ပေးအပ်

ရန်ကုန် ဩဂုတ် ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံးအသင်း အားကစားသမားများအတွက် အားကစားပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်နှင့် ဌာနခွဲအသီးသီးမှ အရာထမ်းများ၊ အမျိုးသမီး ဘောလုံးအသင်းမှ နည်းပြများ၊ အသင်းအုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အားပေးစကား ပြောကြားပြီး ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား ၃၃ဦးအတွက် အားကစားပစ္စည်းများကို ပေးအပ်ရာ အားကစားသမားများကိုယ်စား အသင်းအုပ်ချုပ်သူများက လက်ခံရယူသည်။ (သတင်းစဉ်)

ကျေးလက် ကျောက်ချောလမ်း ကြည့်ရှုစစ်ဆေး

မိုးမောက် ဩဂုတ် ၂၃

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးတင်ချိုသည် ဇူလိုင် ၂၀ ရက်က မိုးမောက်မြို့ ကိုမြို့သစ်ကျေးရွာအတွင်း ကျောက်ချောလမ်းခင်းမည့်နေရာကို ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေ၊ မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ ဦးကျော်သူ၊ တာဝန်ခံ အင်ဂျင်နီယာတို့နှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ **(ပြည်နယ်စည်ပင်)**



စုပေါင်းဆောင်ရွက်

တာမိုးညဲမြို့နယ် မြို့အဝင် လမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းကူးများ ပြွန်ထည့်ခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ဩဂုတ် ၃ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် လားရှိုးမူးယစ်အထူးအဖွဲ့ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ၂၀၀၄ ခုနှစ် ဇွန် ၁၉ ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၆)နေ ဖွန်ကြည်နှင့် မမေဇီး တို့၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ နေအိမ်တွင်း၌ ရောက်ရှိနေသူ ဖေလောက်ခိုင်အား တွေ့ရှိရပြီး နေအိမ်အိပ်ခန်း ခုတင်အောက်မှ ပီနန် အိတ်ဖြင့် ထည့်ထားသော ဒဗလျူဝိုင် စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၉၇၀၀၀ ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၆)နေ ဦးရှောက်ကွယ်၏သား ဖွန်ကြည်၊ ဦးရှောက်ချူ၏ သမီး မမေဇီး၊ လားရှိုးမြို့ (၇)ရပ်ကွက် နယ်မြေ(၁)နေ ဦးရှောက်ကျွမ်း၏သား ဖေလောက်ခိုင်တို့ သုံးဦးအပေါ် လားရှိုး အမှတ်(၁)ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက်အမှတ် ၁၁၂/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူထားသည်။ (သတင်းစဉ်)

ဂန့်ဂေါခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

ဂန့်ဂေါ ဩဂုတ် ၈

ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသားနှင့် အမျိုးသမီး ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲကို ဩဂုတ် ၇ ရက် ညနေပိုင်းတွင် ဂန့်ဂေါမြို့အားကစားကွင်း၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက ကွင်းဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ကွင်းဖွင့်ပွဲသို့ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဂန့်ဂေါမြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မကွေးတိုင်းအမျိုးသမီးရေးရာ အဖွဲ့အလုပ်အမှုဆောင် ဒေါ်သီတာနှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်ဘောလုံးအသင်းရှစ်သင်းမှ အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဂန့်ဂေါ(ခ) အမျိုးသားဘောလုံးအသင်းနှင့် ဆောမြို့နယ်အမျိုးသားဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဆောမြို့နယ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။ **(၄၆၅)**



စုပေါင်းသစ်ပင်စိုက်ပျိုး

ဗန်းမော် ဩဂုတ် ၁၅

ဗန်းမော်မြို့နယ် သာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် ဗန်းမော်–မိုးမောက်ကားလမ်း ဝဲယာတစ်လျှောက် နှစ်မိုင်၊ အောင်သာကျေးရွာမှ ခုနစ်မိုင်ကျေးရွာအထိ ပန်းအလှပင်များ၊ အရိပ်ရပင်များ ပေါင်းရှင်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်းများအား ဩဂုတ် ၇ ရက်တွင် ဆောင်ရွက်ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာ ၁၁ ရွာမှ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပါဝင်စိုက်ပျိုးကြသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်း

ပေါင်းတည် ဩဂုတ် ၁၂

ပေါင်းတည်မြို့ (၁၂) ရပ်ကွက်တွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာနက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ရာ စိတ်ပါဝင်စားသော စာဖတ်ပရိသတ်များ တိုးပွားလာကြသည်ကို တွေ့ရှိရပြီး ဟသ်ာကန်ရပ်ကွက် ဇီးတောကျောင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ အကျိုးဆောင်များ ကူညီပံ့ပိုးကြသဖြင့် အလှူငွေများ၊ တရားတိပ်ခွေများ၊ စာအုပ်စာတမ်းများ လာရောက်လှူဒါန်းကြသည်။

ဩဂုတ်လအတွင်း ရန်ကုန်မြို့ အကျိုးဆောင် ကိုချိုလေးမှတစ်ဆင့် ဆက်သွယ်၍ ဂျပန်ရောက် အလှူရှင်တစ်ဦးက တစ်သောင်းကျော်ဖိုးရှိတရားတိပ်ခွေများ၊ တရားစာအုပ်စာတမ်းများ လှူဒါန်းသည်။ ပေါင်းတည်မြို့ (၆)လမ်း နောင်ရိုးစာပေဦးဌေးလွင်ကအကျိုးဆောင်ပြီး ရန်ကုန်မြို့ အမှတ် ၅၈ ဗိုလ်ချုပ်လမ်းမှ ကိုနာသန်–မသန်းသန်းဦးမိသားစုက ကျပ် ၁၄၇၅၀တန်ဖိုးရှိ စာရေးဆရာကြီး ဦးသုခ၊ ဦးဆန်းလွင်၊ချစ်စံဝင်းတို့၏ စာအုပ်များ၊ ရှင်ဇနကာဘိဝံသ၏ တရားစာအုပ် အစုံအတွဲလိုက် စုစုပေါင်းကျပ် ၂၇၇၅၀ ဖိုးလှူဒါန်းကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အတွင်းရေးမှူးဦးသန့်ဇင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်လိုက်ကြောင်း သိရသည်။ **(၃၉၆)**

ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းလှပရေးအတွက် ဇူလိုင်၃၀ရက်က မြို့တွင်းလမ်းဘေးဝဲ၊ ယာတစ်လျှောက် မြေခင်းအလှပြင်၍ ရှမ်းပန်း၊ ကြက်မောက်ပန်း၊ ဂျပန်နေကြာ၊ ကရင်ပန်းနှင့်ပန်းမျိုးစုံအလှပန်းပင်များကို အမှုဆောင်အရာရှိ ဦးစိုးမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွေးနှင့် ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။ (၄၀၁)

သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၁၀

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးအတွင်းရှိ ဗဟိုပျိုးဥယျာဉ်နှင့် မျိုးစေ့ထုတ်စိုက်ခင်းအတွင်း ဇူလိုင် ၂၅ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် မြက်များရှင်းလင်းခြင်း၊ ပေါင်းနုတ်ခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ လုပ်ငန်းဆောင်ရွက်ရာသို့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေတို့က အနီးကပ်ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲ ဆောမြို့တွင် ကျင်းပ

ဆော ဩဂုတ် ၆

ဂန့်ဂေါခရိုင် ဆောမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၃ ရက်က ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ NGOအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ ၁၀၀၀ ကျော်ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနောင်က အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်မင်းထိုက်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များနှင့် မြန်မာ့သဘာဝ သစ်တောများထိန်းသိမ်းရေး ပီပြင်သည့် အမျိုးသားဥယျာဉ်များဖြင့် လှပဝေဆာရေး ရှင်းလင်းဟောပြောသည်။ **(အောက်ပုံ)(က–ပ)**

မြင်းခြံမြို့တွင် ပန်းအလှပန်းများစိုက်ပျိုး

မြင်းခြံ ဇူလိုင် ၁၀

မြင်းခြံမြို့ကို အလှပင် သုံးသောင်းကျော်ဖြင့် မြို့ဝင်၊ မြို့ထွက် စိုက်ပျိုးအကောင်အထည်ဖော်ရန် မြင်းခြံစည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

မြင်းခြံစည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်ကြီးကြပ်မှုနှင့် မြင်းခြံမြို့ဝင်၊ မြို့ထွက်ဖြစ်သော မန္တလေးအဝင်လမ်း၊ တလုပ်မြို့ဝင်လမ်း၊ ပုဂံမြို့ဝင်လမ်း၊ မိတ္ထီလာမြို့ဝင်လမ်း၊ နဘူးအိုင် မြို့ဝင်လမ်းများတွင် စက်ယန္တရားဖြင့် မြေတူး၍ အလှပန်းစိုက်ရန် မြေစာများချပေးသည်။

အလှပန်းများဖြစ်သော စိန်တံချူ၊ နွယ်သာကီ၊ စက္ကူပန်း၊ စိန်ပန်း၊ စိန်ပန်းငယ်အပင်သုံးသောင်းကျော်ကို ဇူလိုင် ၁၀ ရက်တွင် စည်ပင်ဝန်ထမ်းများက ပင်ရေ ၃၀၀၀ ခန့်ကို စတင်စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ (၂၂၇)

အောင်လံမြို့ ကန်ကြီးရပ်ကွက် လမ်းမတော်လမ်းတစ်လျှောက်တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြည်သူများ စုပေါင်းပြီး မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းနှင့် ခုံးတံတားများ ရှင်းလင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၇ ရက်က အမှုဆောင်အရာရှိ ဦးဝင်းဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြ၌ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာထောက်ပံ့

မြောင်းမြ ဩဂုတ် ၁၅

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာ ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ရက်က မိခင်နှင့်ကလေး အသင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက၊ မြောင်းမြခရိုင် ဥက္ကဋ္ဌ၏ဇနီး ဒေါ်နွဲ့နွဲ့ဝင်းက အမှာစကားပြောကြားပြီး၊ အသင်းအတွင်းရေးမှူး ဒေါက်တာလှလှဝင်းက ထောက်ပံ့ကြေးပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားကာ အသင်းနာယက ဒေါ်နွဲ့နွဲ့ဝင်းနှင့် တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်သည်။

မြောင်းမြမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ မြို့ပေါ် ၁၈ နယ်မြေရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၅၄ ဦးအတွက် တန်ဖိုးငွေကျပ် ၆၀၀၀၀ ခန့် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မြို့နယ်သတင်းများ

သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

စေတုတ္တရာ ဩဂုတ် ၈

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ထွန်းအောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးကြည်စိုးတို့ ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပန်းခြံဈေးသူ၊ ဈေးသားများ စုပေါင်း၍ ဇူလိုင် ၂၆ ရက်က ပန်းခြံအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဩဂုတ် ၅ ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် ဝန်ထမ်းများ ဗျူဟာကုန်းဆင်း လမ်းဘေးမြေယာရှုခင်း ပြုပြင်ခြင်းနှင့် မြို့မဘုန်းကြီးကျောင်းလမ်းဆုံ တြိဂံအတွင်း မြေယာရှုခင်းများအား ပြန်လည်ပြုပြင် မွမ်းမံခြင်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်ပြန်/ဆက်)

တာချီလိတ်၌ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

တာချီလိတ် ဩဂုတ် ၁၁

တာချီလိတ်မြို့ မြို့မအားကစားကွင်း၌ ဇူလိုင် ၂၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ဖလား) ကျေးရွာရပ်ကွက်အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲကို ညနေတွင် ကျင်းပရာပုန်းထွန်(က)ရပ်ကွက်အသင်းက ပုန်းထွန်(ခ) ရပ်ကွက် အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဗိုလ်လုပွဲအပြီးတွင် နေရာအလိုက် အကောင်းဆုံးဘောလုံးသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားများနှင့် ဒုတိယဆုရရှိသော ဘောလုံးအသင်းများအား တာဝန်ရှိသူတို့က တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများကို ပေးအပ်ချီးမြှင့်သည်။ ပထမဆုရရှိသွားသော ပုန်းထွန်(က)ရပ်ကွက် ဘောလုံးအသင်းအား ငွေသား ဆုနှင့်ဆင့်ပွားဖလားဒိုင်းဆုကို မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်က ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းဗိုလ်လုပွဲ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်နှင့် ကျေးရွာအဖွဲ့ဝင်များ၊ အခြားလူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင် ၁၇ သင်းမှ အားကစားသမားများနှင့် လာရောက် ကြည့်ရှုအားပေးသည့် ပရိသတ်များ စုစုပေါင်းအင်အား ၁၀၀၀ ကျော်ခန့် တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မိုးစပါး ပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး အင်းတော်မြို့နယ်တွင် ရွက်ဖျန်းမြေသြဇာများ ပက်ဖျန်း

အင်းတော် ဩဂုတ် ၁၂

စစ်ကိုင်းတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်လတ်၏ ကြီးကြပ်မှုဖြင့် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရေး၊ မိုးစပါး တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးကိုဦးတည်လျက်အင်းတော်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးအောင်စိုး၊ ဒုကြီးကြပ်ရေးမှူး ဦးကျော်မြင့်၊ စခန်းတာဝန်ခံ ဦးတင်အောင်တို့သည် ဩဂုတ် ၁၂ရက်က လယ်ပြင်အုပ်စု၊ ကွင်းအမှတ်(၁၀၂၃) ဦးပိုင် ၃၀/၁ ဦးအောင်ပို၏ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် မြို့ဝင်မိုးစပါးစံပြကွက် ဧက ၅၀ တွင် ဇီဝစုပါနှင့် ဟာကြူလီ ရွက်ဖျန်းမြေသြဇာများ ပက်ဖျန်းပွဲ ပြုလုပ်ပြသကြသည်။

စိုက်ပျိုးပြီး

အင်းတော်မြို့နယ်တွင် မိုးစပါး ၄၂၇၇၉ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ဧက ၄၁၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(၂၃၃)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၃

လယ်တီ ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် (၇၅)ကြိမ်မြောက် လယ်တီ ဝိပဿနာခုနစ်ရက် တရားစခန်းကိုဩဂုတ်၃၀ ရက်မှစက်တင်ဘာ ၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဖုန်း– ၅၃၄၃၂၈သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

မိတ္ထီလာ၌ မြို့ပြသန့်ရှင်းရေး ဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၁၈

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိတ္ထီလာမြို့အတွင်း မြို့ပြသန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းအဓိကလမ်းမကြီးများ ဝဲ၊ ယာတွင်လည်းကောင်း၊ လမ်းလယ်ကျွန်းများ ဝဲ၊ ယာတွင်လည်းကောင်း အမှိုက်သရိုက်နှင့် ဖုန်၊ သဲများကင်းစင်စေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုး၏ အနီးကပ်ကြီးကြပ်မှုဖြင့် သန့်ရှင်းရေးဌာနစိတ်မှ ဒုဦးစီးမှူး(သန့်ရှင်းရေး) ဦးအောင်စိုးနှင့် သန့်ရှင်းရေးဝန်ထမ်းများက ဩဂုတ် ၁၅ ရက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ကျောက်မဲမြို့ ရေပေးဝေမှု ကြည့်ရှုစစ်ဆေး ဆောင်ရွက်

ကျောက်မဲ ဩဂုတ် ၂၀

ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်၊ ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်တို့နှင့်အတူ ကျောက်မဲမြို့ အမှတ်(၇)ရပ်ကွက်သို့ သောက်သုံးရေပေးဝေသည့် ကျောက်မဲကြီးရေထွက်တွင် ရေရရှိမှုအခြေအနေကို ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးလွင်ဦးက ကျောက်မဲကြီး ရေထွက်မှ ရေစုကန် အတွင်းသို့ နေ့စဉ် စုဆောင်းရရှိသည့် ရေဂါလန်၊ ရပ်ကွက်အတွင်းသို့ နေ့စဉ် ရေဖြန့်ဖြူးပေးသည့် ရေဂါလန်၊ ရေပိုမို စုဆောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရေစုကန်အတွင်းသို့ ရေပိုမိုဝင်ရောက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် အချက်များကို မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ဩဂုတ် ၄ ရက်က ပဲခူးမြို့ကို တိုင်းမြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ် သာယာလှပသော မြို့တစ်မြို့ဖြစ်ပေါ်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိဟံသာခန်းမရှေ့တွင် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်ထွန်းတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ကျန်းမာရေး အဆောက်အအုံဖွင့်

နွားထိုးကြီး ဩဂုတ် ၁၆

နွားထိုးကြီးမြို့နယ် ပဲချက်စံပြကျေးရွာ ပဲချက်ကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက် ၉ နာရီက အဆောက်အအုံသစ်ရှေ့ရှိ ညှော်ခံမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းအဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးခင်မောင်ကြီးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြော

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးခင်မောင်ကြီးတို့က အမှာစကားပြောကြားပြီး ဆေးခန်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝဲက ဆေးခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဆေးခန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးဖေကြည်က မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးခင်မောင်ကြီးထံ လွှဲပြောင်းပေးအပ်သည်။ ပဲချက်ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းသည် ပဲချက်(အရှေ့)ရွာ၊ ပဲချက်(အနောက်)ရွာနှင့် မြတောင်ရွာတို့မှ ကျေးလက် ဒေသနေ မိဘပြည်သူ ၆၁၂၆ ဦးတို့က အားကိုးနေရသော ဆေးခန်းဖြစ်ပြီး အဆောက်အအုံတန်ဖိုးမှာ ငွေကျပ် ၁၈၁၁၅၃၀ ဖြစ်ကြောင်း သိရသည်။ (၉၄)

နောင်မွန်းမြို့ စိမ်းလန်းစိုပြည်ရေး ရာသီပန်းများစိုက်

နောင်မွန်း ဩဂုတ် ၁၅

နောင်မွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ရက်က မြို့နယ်စည်ပင်သာယာအဖွဲ့မှ ဦးအောင်ဇော်ထွေး၊ အငယ်တန်းအင်ဂျင်နီယာ–၃ နှင့် အဖွဲ့ဝန်ထမ်းများသည် လမ်းဘေး ဝဲ၊ ယာတစ်လျှောက်တွင် ဒေသထွက် ရာသီပန်းများ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းညွှန့် ဦးဆောင်သော ဝန်ထမ်းများ ဩဂုတ် ၁၂ ရက်က မြို့တွင်းလမ်းဘေး ဝဲ၊ ယာ သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးရန် ပျိုးအိတ်ထုပ် လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၂၄၇)

တိုင်းဥပဒေအရာရှိ ပြည်မြို့တွင် ဆွေးနွေး

ပဲခူး ဩဂုတ် ၂၁

ပဲခူးတိုင်း ဥပဒေအရာရှိ ဦးဟန်ညွှန့်သည် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ပြည်မြို့ တိုင်းခွဲဥပဒေရုံးသို့ ရောက်ရှိပြီး တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ဥပဒေရေးရာ၊ စီမံရေးရာများ ဆွေးနွေးညှိနှိုင်းခဲ့သည်။

အဆိုပါ ဥပဒေရေးရာ ဆွေးနွေးပွဲသို့ တွဲဖက်တိုင်း ဥပဒေအရာရှိ ဦးအောင်မြင့်၊ ပြည်ခရိုင်ဥပဒေအရာရှိ ဦးမြင့်ဆွေ၊ သာယာဝတီခရိုင် ဥပဒေအရာရှိ ဦးခင်မောင်ဦးနှင့် မြို့နယ်ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး၊ ဥပဒေရေးရာ၊ စီမံရေးရာများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။ (က–ပ)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တူးဖော်လျက်ရှိသော ပျဉ်ထောင်ကျောင်းကျေးရွာတွင် နှစ်လက်မ အဝီစိတွင်းတူးဖော်ခြင်း၊ ရေစက်ရုံဆောက်လုပ်ခြင်း၊ အုတ်ရေကန်ပြုလုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၂၀ ရက်က ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးဝင်းမောင်တို့က ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေး ပညာပေး ဆွေးနွေးပွဲ ကျင်းပ

စစ်ကိုင်း ဩဂုတ် ၁၈

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကြီးအောင်ခန်းမတွင် ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေတွင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက်က ကျင်းပရာ ဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းနှင့် ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာ ၈၁ ရွာမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကျေးလက်ရေပေးရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက ရေတွင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေး ပညာပေး ဆွေးနွေးပြီး အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့က ထပ်ဆင့်ဆွေးနွေးပြောကြားခဲ့ပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးငွေက တုံကင်တွင်းများ ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **(မြို့နယ်စည်ပင်)**

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းလွင်တို့ ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ ဩဂုတ် ၂၁ ရက်က စည်ပင်သာယာ ဈေးကြီးရှေ့ ရေမြောင်းကို စုပေါင်းတူးဖော်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အထက(၅)ဗိုလ်တထောင်

မိဘဆရာအသင်းနှစ်ပတ်လည်ညီလာခံ၊ဂုဏ်ပြုပွဲနှင့်အလှူငွေပေးအပ်ပွဲ အခမ်းအနားဖိတ်ကြားခြင်း

(၂၀၀၃-၂၀၀၄)ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် ညီလာခံ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား/ကျောင်းသူများ ဂုဏ်ပြုပွဲ၊ ဂုဏ်ထူးရကျောင်းသား/ကျောင်းသူများ ဆုချီးမြှင့်ပွဲနှင့် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များ၊ ကျောင်းသားမိဘများ၊ ဂုဏ်ပြုခံကျောင်းသား/ကျောင်းသူများ အားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၈-၈-၂၀၀၄(စနေနေ့)
ကျင်းပမည့်အချိန် – နံနက် (၉:၀၀)နာရီ
ကျင်းပမည့်နေရာ – အထက(၅)၊ ဗိုလ်တထောင်ကျောင်းခန်းမ။

(ဂုဏ်ပြုခံ ကျောင်းသား/ကျောင်းသူများ နံနက် (၈:၀၀)နာရီ အရောက် သတင်းပို့ပါရန်)

အမှုဆောင်အဖွဲ့
မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့။





စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်း အဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင် များ ဈေးနှုန်း သက်သာစွာဖြင့်ငှားရမ်း နေပါသည်။ နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀နာရီ အတွင်းဆက်သွယ် နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။**

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းရီ(ကော့သောင်မြို့)

အသက်(၇၃)နှစ်

ကော့သောင်မြို့၊ အဏ္ဏဝါရပ်ကွက်၊ အမှတ်(၁၂၈)၊ မင်္ဂလာလမ်းနေ (ဦးဖစု)၏ဇနီး၊ ဒေါ်နှင်းရီ-ဦးလှိုင်ဝင်း၊ ဒေါ်အေး ကြည်-(ဦးဟံသိန်း)၊ ဒေါ်ဖွားတင်-ဦးစိုး တင့်၊ဒေါ်နှင်းရီအောင်-ဦးဖေမြင့်၊ ဦးထွန်း အေး (Naung Group Construction)-မတင်တင်ထွေး (Naung Group Construction)၊ ဒေါ်စုရီ-ဦးစိုးလွင်၊ ဒေါ်မို့မို့ရီ-ဦးဌေးဝင်း၊ မမိုးကေသီ၊ မောင်ဇော်ထွေး(တုတ်တုတ်)၊ မယဉ်ယဉ် မြင့်-ကိုဇော်ဝင်းထွန်း၊ မစိမ့်စိမ့်ထွေး တို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၈ ယောက်တို့၏အဘွား၊ မြစ် ငါးယောက် တို့၏ဘွားဘွားကြီးသည် ကော့သောင် မြို့နေအိမ်၌ ၂၁-၈-၂၀၀၄ (စနေနေ့) နံနက် ၀:၃၀နာရီတွင် ကွယ်လွန်သွား ပါ၍ ၂၅-၈-၂၀၀၄ ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂နာရီတွင် ကော့သောင်မြို့ ရွှေပြည်သာ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီး ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ကုန်းလမ်းပို့ဆောင်ရေး

မော်တော်ယာဉ်အလုပ်ရုံအမှတ်(၃)

အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ် (၁၄၅)ကို ၂-၉-၂၀၀၄နေ့တွင်ဖွင့်မည်။
- ၂၄-၈-၂၀၀၄နေ့တွင် သင်တန်းကြေးများ စတင်လက်ခံပါမည်။
- ၁၉၉၃ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးသည်။
- သင်မောင်းလိုင်စင်“ခ”လိုင်စင်ရရှိရေး ဆောင်ရွက်ပေးသည်။
- သင်တန်းတက်ရောက်ရန် အခက်အခဲရှိသူများအတွက် သီးခြားစီစဉ်ပေးသည်။
- စနေ၊ တနင်္ဂနွေအထူးသင်တန်းကို ၂၅-၉-၂၀၀၄နေ့တွင်ဖွင့်မည်။
- အမှတ်-၂၄၀(၅)စက်ဆန်း၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ စုံစမ်းရန် ဖုန်း-၀၁/၂၉၀၃၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။





ရဟန်း၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး

ဒေါ်သောင်းအေး

အသက်(၆၉)နှစ်

ကာကာငွေ(ငြိမ်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၇၆)၊ ပတ္တမြားလမ်း၊ အမှတ်(၃) ရပ်ကွက်၊ လှည်းတန်းနေ (ဦးထွန်းရှိန်-ဒေါ်သန်း)တို့၏သမီး၊ မြန်အောင်မြို့၊ ရွှေကျင်ရွာနေ (ဦးဖိုးစော-ဒေါ်မယ်ကျင်) တို့၏သမီးချွေးမ၊ (ဦးစိုးမြင့်)၏ညီမ၊ ဦးသန့်ဇင်၊ ဒေါ်ခင်ခင်သန်းတို့၏အစ်မ ကြီး၊ ဦးတင်မြင့် (ကာကာငွေ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မစမ်းစမ်းဝင်း (ဂျာမန်ဧည့်လမ်းညွှန်)၊ မသင်းသင်းနွယ် (Lin & Sons Ltd.)၊ ကိုမျိုးသူ (ကာကာငွေ)၊ မအေးအေးချိုတို့၏ချစ်လှ စွာသောမိခင်ကြီးသည် ၂၁-၈-၂၀၀၄ (စနေနေ့) ည ၇ နာရီတွင် Sakura အထူးကုခန်း၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်း ကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အမည်ပြောင်းခြင်း

အဖ ဦးလှမြိုင်၏သမီး ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ဒသမ တန်း(ဂ)မှ မစိမ်းလဲ့အေး[၁၂/ ကမရ(နိုင်) ၀၅၇၂၃၅]အား ယနေ့မှစ၍မစိမ်းမြတ်မွန် ဟု အမည်ပြောင်းလဲ ခေါ်ပါရန်။

မစိမ်းမြတ်မွန်။

ဦးသောင်းထွန်း

အသက်(၆၅)နှစ်

(ဝိဇ္ဇာဘွဲ့၊မြန်မာစာ)၊
BA(B.Dh) , ITBMU
မန်နေဂျာ(ငြိမ်း)၊ဘဏ္ဍာရေးဌာန၊
(မြန်မာ့မီးရထား)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပ မြို့နယ်၊ (၁၄)ရပ်ကွက်၊ ဇီဝစိုးလမ်း၊ အမှတ်(၂၁၈/၂)နေ (ဦးဘညွန့်-ဒေါ်ဖွား စိန်)တို့၏သား၊ (ဦးတင်ငွေ-ဒေါ်အေး ကျင်)တို့၏ သားသမက်၊ ဒေါ်စန်းရင် (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ငြိမ်း) ၏ခင်ပွန်း၊ မောင်အောင်သူရိန်ထွန်း၊ မောင်ချစ်ကိုကို၊ [တိုင်း(၁)သွားလာရေး၊ မြန်မာ့မီးရထား]၊ မောင်ရဝေထွန်း (ဘဏ္ဍာရေးဌာန၊ မြန်မာ့မီးရထား)- မသီတာထွန်းတို့၏ ဖခင်၊ မောင်ကျော် စည်သူထွန်း၊ မဖူးရဝေထွန်းတို့၏ အဘိုး သည် ၂၁-၈-၂၀၀၄ (စနေနေ့) နံနက် ၁၂:၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅- ၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။



ဘုရား၊ရဟန်း၊ သီမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်အေးသွယ် (၈၇)နှစ်

(နတ်မောက်)

မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ညောင်ကျပ်ပင်ကျေးရွာနေ (ဦးတလုတ်–ဒေါ်ညိမ်)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၄၇)၊ အခန်း(၃)နေ (ဦးချစ်)၏ ဇနီး၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ သီဟိုဠ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီ တော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တနန္ဒောဘာသ၏အစ်မ၊ ဦးသိန်း အောင်–ဒေါ်မြစိန်၊ ဦးတင်ဦး (လာအိုနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး)– ဒေါ်သီတာဌေး၊ ဦးဝင်းမြင့်–ဒေါ်ညွန့်ညွန့်ဝေ (တိုင်းရင်းဆေး)တို့၏မိခင်၊ ဒေါက်တာစည်သူ–ဒေါက်တာအေးမြင့် သန်း၊ ကိုလှိုင်မိုး၊ ကိုသန့်ဇင်၊ မမြမြစိုး၊ ကိုအောင်ဌေးဦး(ခေတ္တ–ဖိလစ်ပိုင်)–မလင်းလင်းမွန်၊ ကိုဇေယျာဦး(ခေတ္တ–စင်ကာပူ)တို့၏အဘွား၊ မြေးသုံးယောက် တို့၏ ဘွားဘွားကြီးသည် ၂၂–၈–၂၀၀၄(တနင်္ဂနွေနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄(ကြာသပတေးနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (၇၇)နှစ်

(ငါးသိုင်းချောင်း)

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ စမ်းကြီးကျေးရွာနေ ဦးဘိုးအင်–ဒေါ်ထွေးစင်တို့၏သမီး၊ မော်ဘီမြို့နေ ဦးမင်းဒင်–ဒေါ်ညွန့်ခင်တို့၏အစ်မ၊ ကျုံပျော်မြို့နေ ဦးဌေးအောင်–ဒေါ်သန်းကြိုင်၊ ငသိုင်းချောင်းမြို့နေ ဦးတင့်နိုင်–ဒေါ်ဌေးကြည်၊ ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးတိုးအောင်–ဒေါ်မေမေလွင်တို့၏မိခင် ဒေါ်တင်တင်သည် အမှတ်(၃၁၁/အီး)၊ အောင်သိဒ္ဓိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၌ ၂၂–၈–၂၀၀၄ရက် မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများနံနက် ၈း၄၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတိုင်း၊ တံခွန်တိုင်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးရွှေ အသက်(၆၈)နှစ်

(ဝါးခယ်မ)

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နေ(ဦးသန်း–ဒေါ်စောတင်)တို့၏သား၊ ရန်ကုန် တိုင်း၊ တိုက်ကြီးမြို့နေ (ဦးကျော်စိန်–ဒေါ်ကြည်အောင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၃၆)၊(၉)ရပ်ကွက်၊ မြစပါယ်လမ်း၊ ပါရမီ၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးတင်စိုး(ခ)ဦးဒေါင်းနီ(လက်ဇော့ဒိုင်ချုပ်)–ဒေါ်ကျော့ရင်၊ ဒေါ်ခင်လှစီ၊ ဦးကျော်စိုး(ခ)ဦးဖိုးစိုး–ဒေါ်ချိုချိုအေးတို့၏အစ်ကို၊ ကိုခင်မောင်သွင်– မစန်းစန်းအေး(ခ)အန်းကေ၊ ကိုခင်မောင်စိုး–မစန်းစန်းမြင့်၊ ကိုခင်မောင်သန်း (ခ)မှုကြီး၊ ကိုခင်မောင်ဝင်း–မခင်မာသွင်၊ မခင်မာဝင်း၊ မခင်မာဌေး၊ ကိုခင်မောင်လတ်–မဝင်းဝင်းမေတို့၏မွေးသဖ ခင်၊ ကိုမြင့်ရွှေ၊ ကိုလှဌေး–မသန်းသန်းဌေး၊ ကိုလှအောင်၊ မသိန်းလှ၊ မကေသီအောင်တို့၏ဦးလေး၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၂–၈–၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၄ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈–၈–၂၀၀၄ (စနေနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်မေ (၆၁)နှစ်

(ကန်တော်ကလေး)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ကန်/နောက်ရပ်ကွက်၊ အမှတ်(၁၁)၊ အခန်း(၃/က)နေ မောင်သိန်းအောင်–မဌေးဌေးရီ(ဌေးဌေးနှင့်ညီမများ ဆံပင်၊ မိတ်ကပ်အလှပြုပြင်ရေး)၊ မမေစီ၊ ကိုကျော်ယု၊ မဝါဝါနွယ်တို့၏မိခင်၊ မဝတီဒေဝီအောင်၊ မအဥ္ဇလီအောင်တို့၏အဘွား၊ ဦးကိုလေး (သီချင်း ရေးတဲ့ ဒီနေ့ပုဏ္ဏက)၏ ချစ်လှစွာသောဇနီးသည် ၂၂–၈–၂၀၀၄ (တနင်္ဂနွေနေ့) နံနက်၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတတ်(ခ)ဦးထွန်းမြင့် အသက်(၅၇)နှစ်

စည်ပင်၊ စက်ယာဉ်၊ ပင်မဝင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊(၁၁၃)လမ်း၊အမှတ်(၃)နေ (ဦးဂေါ်ရာ–ဒေါ်လှမြင့်)တို့၏ ဒုတိယသား၊ ဦးစိုးမြင့်(ရွှေဝါထွန်းဟိုတယ်) – (ဒေါ်စန်းကြည်)တို့၏ညီ၊ (ဦးပြုံးချို)–ဒေါ်ညိုညိုမြင့်တို့၏အစ်ကို၊ ဦးအောင်မင်း (ရွှေဝါထွန်းဟိုတယ်)၊ ဦးအောင်ဝင်း၊ ဦးမောင်မောင်နိုင်၊ မသီသီမြင့်၊ မတင်တင်စိုး၊ မဝင်းဝင်းစိုး၊ မောင်ဝင်းထွန်းဦး၊ မဝင်းဝင်းချိုတို့၏ဦးလေး၊ မြေးသုံးယောက် တို့၏ အဘိုးသည် ၂၁–၈–၂၀၀၄ရက် တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန် ပါ၍ ၂၅–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ချိန်(ခ)ဦးစိုးလွင် အသက်(၅၆)နှစ်၊ (ဟင်္သာတ)

ဟင်္သာတမြို့၊ တာငါးဆယ်မြောက် နေ (ဦးအုန်းသွင်–ဒေါ်လေးမြင့်)တို့၏ သား၊သာကေတမြို့နယ်နေဦးချစ်မောင်–ဒေါ်ပိုတို့၏သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာ(၂)လမ်းနေ ဦးသက် ရှည်–ဒေါ်မြင့်မြင့်တို့၏ အစ်ကို၊ အမှတ် (၇၄၃)၊ ရန်ပြေ(၁)လမ်း၊ ၂/တောင် ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်ခင်မာရီ၏ခင်ပွန်း၊ မတင်မာစိုး၊ မောင်သန်းဌေး(ပ–နှစ်၊ စီးပွားစီမံ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ကျော်စွာဝင်း၊ မထက်ထက်ဝင်းတို့၏ ဖခင်သည် ၂၂–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၄ရက် မွန်းလွဲ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီ ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ နတ်လမ်း၊မုခ်ဦး၊ရဟန်းဒါယိကာမကြီး

ဒေါ်အေးလှိုင်(၇၆)နှစ်

ကြည်ရတနာရွှေဆိုင်၊ တာမွေဈေး (ပိန်းကန်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ ၂၄ရပ်ကွက်၊ ဘော်ဇင်လမ်း၊ တိုက်၂၃၊အခန်း၄နေ (ဦးစံငြိမ်း–ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးလှမောင်–ဒေါ်ချစ်)တို့၏ ချွေးမ၊ (ဦးထွန်းကြည်)၏ဇနီး၊ (ဦးကြည်ရွှေ)–ဒေါ်စန်းမြင့်၊ ဦးအောင်မင်း–ဒေါ်မြတင့်(အောင်ဗိုဒီယို)၊ ဦးတင်ဝင်း–ဒေါ်တင်တင်ဌေး၊ နေဝန်းနီ ပရိဘောဂ)၊ ဦးအေးလွင်–ဒေါ်ကြည်ကြည်ခင်(ကညနတိုင်းရုံး၊ ငွေစာရင်း)၊ ကိုအောင်တင့်၊ ကိုကျော်မိုးတို့၏ မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၃–၈–၂၀၀၄ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ရွှေ (၇၂)နှစ်

(ကျိုက်ကော၊ ဒိုက်ဦး)

ရန်ကုန်မြို့၊ အမှတ်(၁၁/၂၀)၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ လော်ကားလမ်းနေ ဒေါ်တင်မြ၏ ခင်ပွန်း၊ ဦးအုန်းမောင်–ဒေါ်နှင်းသစ်တို့၏ သား၊ ဦးတင်မောင် ရွှေ–ဒေါ်ရီရီမြင့်၊ ဦးသိန်းလွင်–ဒေါ်ချယ်ရီရွှေ(Top ကြေးအိုး)၊ ဦးဇော်ဝင်း–ဒေါ်စပါယ်ဝင်းရွှေ၊ ဒေါ်သီတာမိုးရွှေတို့၏ဖခင်သည် ၂၃–၈–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၅–၈–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အထူးကျေးဇူးတင်ရှိခြင်း

(၁၉–၈–၂၀၀၄)ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားသော သီရိပျံချီ ဦးကြည်မောင်(အငြိမ်းစားဗိုလ်မှူးကြီး)၊ ဘီစီ–၃၅၁၆နာမကျန်းဖြစ်စဉ် ဆေးဝါးကုသပေးခဲ့သော ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်းကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး

ဒေါ်အေးခိုင် (၆၅)နှစ်

B.A.,D.E.P

မန်နေဂျာ(ငြိမ်း)စီးပွား/ကူးသန်းဝန်ကြီးဌာန

(ဒေးဒရဲ)

ဧရာဝတီတိုင်း၊ဒေးဒရဲမြို့ လမ်းမတော်လမ်းနေ (သမားတော်ကြီးဦးရွှေဘ–ဒေါ်ဒေါ်ရှင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးလှအောင်–ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တိုက်အမှတ်(၂၀၈–၂၁၂)၊ အခန်း(၃၀၁)၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမနေ ဦးအုန်းလွင် (မြဝတီ–ငြိမ်း)၏ဇနီး၊ မောင်ကောင်းမြတ်လှိုင် B.Sc (Phy) (Dip in YTU-EC)၏ မိခင်၊ (ဦးတင်မောင်–ဒေါ်အေးရင်)၊ (ဒေါ်အေးတင်)၊ (ဦးချစ်ခိုင်–ဒေါ်သိန်းကြည်)၊ (ဒေါ်အေးကြင်)၊ (ဦးမြင့်ရွှေ)–ဒေါ်အုန်းခင်၊(ဦးလှအောင်)၊ ဦးလှဆောင်၊ ဦးလှ သောင်း–ဒေါ်လှသန်း၊ (ဦးသိန်းအောင်)–ဒေါ်စိန်စိန်တို့၏ညီမ၊ ဒေါ်ဝင့်ဝင့်မော် ၏အစ်မသည် ၂၃–၈–၂၀၀၄(တနင်္လာနေ့) နံနက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၅–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

စောကျော်ခိုင်ထွန်း (ခ)MCROLAND(@) Po Sweet အသက်(၄၇)နှစ်

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ကြို့ကုန်းအရှေ့ရပ်ကွက်၊ ဦးအောင်ကျော် လမ်း၊ အမှတ်(၆)နေ (သိက္ခာတော်ရဆရာစောထွန်းဂုဏ်ကြီး–ဂါ့မဂ္ဂီသန်း) တို့၏သား၊ ဦးစောမိုက်ကယ်မြ(ခ)ဦးစောမောင်မောင်မြ–နော်ကယ်ရီမြ တို့၏ သားသမက်၊နော်အဲန်ဂျလင်းနာကြီး(UNICEF)၏မောင်၊ နော်လွယ်မူးဖော၊ နော်ဒေးမူးဖော(BARS Final Year)တို့၏ဖခင်၊ နော်မြမြ၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၃–၈–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး

ဦးသိုက်ထွန်း (၈၈)နှစ်

(ဆင်ပေါင်ဝဲ)

ရန်ကုန်မြို့၊အမှတ်(၉)၊ ရွှေတောင်ကြား(၁)လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးချော–ဒေါ်လေး)တို့၏ သား၊ (ဦးစိန်–ဒေါ်လေးငယ်)တို့၏သားသမက်၊(ဒေါ်သန်းသန်း) ၏ ခင်ပွန်း၊ ဦးကြည်သိန်း–ဒေါ်မိမိသိန်း၊ ဒေါ်မူမူသန်း–ဦးမျိုးဝင်း၊ ဒေါ်မြင့်မြင့်လွင်(နီနီ)–ဦးအောင်ချစ်၊ ဒေါ်တင်နွဲ့ရီ(တာတာ)–ဦးသော်တာဘုန်း၊ ဒေါ်နုနုယဉ်(တူးတူး)– Dr. ငွေစိုး၊ ဒေါ်အေးအေးကျော်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂–၈–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၄(အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများညနေ၃း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီရှော့ခ်ဝါဂျူဒူလာ(ခ) ဦးကာလပတ် (၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၂၉)၊ (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်နေဝလီဘိုင်၊ ဟာနစ်ဘိုင် (မင်္ဂလာဒံပေါက်)၊ ဟာဂျီအလီဘိုင် (ဂရိတ်ဝေါစာအုပ်ဆိုင်၊ သိမ်ကြီးဈေး)၊ အာဇမ်ဘိုင်(ပြည့်စုံစာအုပ်ဆိုင်၊ သိမ်ကြီးဈေး)၊ မသန်းသန်းဆင့်၊ မစန်းစန်းမြင့်၊ မခင်ခင်ဆင့်၊ မခင်ခင်အေးတို့၏ ဖခင်သည် ၂၃–၈–၂၀၀၄ရက် ညနေ၅နာရီ တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ၂၄–၈–၂၀၀၄ရက် ဇိုဟိုရ်နမားဇ်အပြီးတွင် ဘန်ဂါလီစွန်နီ ဂျာမေဗလီ၌ ဂျနာဇာနမားဇ်ဖတ်ပြီး ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

သီတဂူဦးအောင်မြင့်(၅၈)နှစ်

လူပျံတော်ပတ္တမြားအဘယသုခဆေးတိုက်ပိုင်ရှင်

သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး

သီတဂူကျောင်းဒါယကာကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ်(၃၀)နေ (ဦးမောင်မောင်–ဒေါ်ဒေါ်ငြိမ်း)တို့၏ တစ်ဦးတည်းသောသား၊ (ဦးအောင်ပွင့်–ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်ဖြူသီ၏ ချစ်လှစွာသောခင်ပွန်း၊ မခင်စောယုအောင်–ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်–ကိုဝေလွင်၊ မအေးမို့မို့အောင်(တေးသံရှင်မို့မို့)တို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် အာရုတော်ဝင်အထူးကုဆေးခန်း၌ ၂၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၆–၈–၂၀၀၄(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်ဖြစ်၍ သီတဂူအဖွဲ့ဝင်များအားလုံး လိုက်ပါပို့ဆောင်ကြပါရန်။

သီတဂူသာသနာပြုအဖွဲ့။

ရဟန်းဒါယိကာမကြီး

ဒေါ်မြရီ (၉၈)နှစ်

(သုံးဆယ်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၃၄၂)၊ ဇေယျာလမ်းနေ (ဦးအုန်းဘူး–ဒေါ်ရွှေမြစ်)တို့၏ သမီး၊ သုံးဆယ်မြို့၊ သရက်လေးပင်ရွာနေ (ကျောင်းအုပ်ဆရာကြီး ဦးဘကျော်)၏ ဇနီး၊ မကွေးမြို့နေဦးမြသိန်း–ဒေါ်တင်ရွှေ၊ သုံးဆယ်မြို့နေ(ဦးမြမောင်–ဒေါ်တင်ဉ)၊ ရန်ကုန်မြို့နေ(ဦးမြသွင်–ဒေါ်သိန်းဟန်)၊ ဦးအေးကို–ဒေါ်အေးသန်း၊ ဒေါ်ရင်နု တို့၏ မွေးသမိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၆ ယောက်၊ တီတစ်ယောက်တို့၏ အဘွားသည် ၂၃–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁း၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ကျောင်းဒါယကာမကြီး

ဒေါ်ညွန့်တင် (၈၁)နှစ်

(မိုးညှင်းယောဂီ)

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၁)လမ်း၊ အမှတ်(၇၇)နေ (ဦးအောင်ကြူ–ဒေါ်ကြီး)တို့၏ သမီး၊ ဦးထွန်းတင်၏ဇနီး၊ ဦးအေးမြင့်–ဒေါ်မြင့်မြင့်ရွှေ (သိမ်ကြီးဈေးအေရုံ)၊ ဦးနေဝင်း–ဒေါ်ရီ (သီရိမင်္ဂလာဈေး)၊ မလှလှဌေး(ခ)မငယ် (သိမ်ကြီးဈေးအေရုံ)၊ ကိုစိုးလွင်–မမြင့်မြင့်သန်း(တောင်တွင်းကြီး)၊ ကိုကျော်နိုင် (သိမ်ကြီးဈေးအေရုံ)၊ မောင်စိုးလင်းတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည်၂၃–၈–၂၀၀၄(တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ရွှေ အသက်(၇၀)

မြန်မာ့ဆိပ်ကမ်း(ငြိမ်း)

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အောင်ဇေယျရိပ်သာ၊ တိုက်(၃၃)၊ အခန်း(၆)နေ (ဦးဘရင်–ဒေါ်ပု)တို့၏သား (ဦးကျော်)–ဒေါ်သန်းနုတို့၏ သားသမက်၊ (ဦးထွန်းအောင်)၊(ဦးအောင်ငြိမ်း)–ဒေါ်စောမြင့်၊ (ဦးစိုးမြိုင်)–ဒေါ်အောင်မေ၊ ဦးသန်းလှိုင်–ဒေါ်အေးလှတို့၏ညီ/မောင်၊ (ဦးဆန်းမြင့်အောင်)၊ ဦးမျိုးမြင့်အောင်–ဒေါ်စုစုအောင်၊ (ဦးမြတ်မင်း)၊ ဦးမောင်မောင်ဝေ–မစန်းစန်းအောင်၊ မောင်နေဝင်း၊ မောင်အောင်အောင်၊ မအိလုံးတို့၏ဖခင်၊ မောင်စိုးသန်းဦး၏အဘိုးသည် ၂၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၈–၂၀၀၄ ရက်တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ကျောင်းဒါယကာကြီး

ဦးမြသန်း (၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ်(၅)၊ အင်္ဂပူလမ်းနေ (ဦးသန်းမောင်–ဒေါ်ဖွားမြ)တို့၏သားကြီး၊ ဒေါ်မမကြီး၊ ဒေါ်တင်တင်၊ ဦးလှဝင်း၊ ဒေါ်တင်တင်ဝင်းတို့၏ အစ်ကိုကြီး၊ တူ၊ တူမလေးယောက်တို့၏ ဘကြီးသည် ၂၃–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှချစ်(ခ)ဦးအေး (၈၁)နှစ်

အကောက်ခွန်(အငြိမ်းစား)

(ကျိုက်လတ်–ကျုံမငဲ့)

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ရွာနေ(ဦးရာပေါ်–ဒေါ်ဖွား)တို့၏ သား၊ ရန်ကုန်မြို့၊ (၄၂)လမ်း၊ အမှတ်(၁၃၀)၊ ပထမထပ်နေ ဒေါ်အေးရီ၏ ခင်ပွန်း၊ ဦးတင်မောင်ဝင်း (အကောက် ခွန်)–ဒေါ်စီစီမြင့်၊ မခင်ခင်စု၊ မအေးအေးကြိုင်တို့၏ဖခင်၊ မခိုင်လဲ့ဝင်း၊ မောင်ရဲထက်ဝင်း၊ မောင်စည်သူဝင်းတို့၏ အဘိုးသည် ၂၃–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၂၅–၈–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်အသက်(၇၀)

PEPSI SHOP

သဲအင်းယောဂီ၊ (ဟင်္သာတ)

ရန်ကုန်မြို့၊အမှတ်(၁၅၁)၊ (၄၆)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ(ဦးဘစိန်–ဒေါ်ခင်သန်း)တို့၏ သားကြီး၊ ဦးမောင် မောင် မြင့်–ဒေါ်ခင်အုန်းတို့၏ သားသမက်၊ (ဦးတင်လှိုင်–ဒေါ်ခင်သောင်း)၊ ဒေါ်ရင် မေ၊ ဦးစိန်ထွန်း–ဒေါ်ခင်ငြိမ်း (ဟင်္သာတ) တို့၏တူ၊ (ဦးလှမောင်)–ဒေါ်ခင်ခင် (ကုန်သွယ်/လယ်ယာ၊ငြိမ်း)၊ ဦးမောင်မောင်–ဒေါ်သန်းသန်းတိုး၊ဦးကျော်ကျော်–ဒေါ်နီနီတိုးတို့၏ အစ်ကိုကြီး၊ ဒေါ်ခင်မာမြင့်(မြန်မာ့ အာမခံ၊ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန့်ကျော်သူ(ခ) ချစ်ပို–မရွှေစင်သိန်း၊ ကိုကျော်မင်းသူ(ခ)ကီးကီး (C.Y.C Shipping Co, Ltd) – မမိမိဆန်၊ကိုဇာနည်ကျော်သူ(ခ) ပေါက်ပေါက်တို့၏ ချစ်လှစွာသောဖခင်သည် ၂၂–၈–၂၀၀၄ ရက်တွင် N.Y.G.H ၌ ကွယ်လွန်ပါ၍ ၂၄–၈–၂၀၀၄(အင်္ဂါနေ့) ညနေ ၄နာရီ တွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ (၄၆လမ်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီထွက်ပါ မည်။] ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်(၆၇)နှစ်

(မြောက်ဦး)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ ဦးဇနီအောင်–ဒေါ်မစောတို့၏သမီးကြီး၊ ရန်ကုန်မြို့၊အမှတ် (၁၁၇/၃၁)၊ ဇေယျာဒီပလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးဘလွင် (မြန်မာ့သစ်လုပ်ငန်းရုံးချုပ်၊ ငွေစာရင်းဌာန၊ အမှတ်–၄သစ်စက်၊ ဘဏ္ဍာရေးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်သောင်းတင် – ဒေါ်မသိန်းနုတို့၏ ကျေးဇူးရှင်အစ်မကြီး၊ ဦးလှသောင်း–ဒေါ်သုဇာအောင်၊ ဦးစံရွှေမောင်–ဒေါ်တိုးတိုးလွင်တို့၏ အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၃–၈–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅–၈–၂၀၀၄ရက် ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းထွဋ်အောင် အသက်(၄၆)နှစ်

ဒုတိယမြို့နယ်တရားသူကြီးအင်းစိန်မြို့နယ်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ဟင်္သာလမ်းနေ (ဦးညွန့်ရှိန်)–ဒေါ်ဖြူဖြူမြတ်တို့၏ သားကြီး၊ ဦးသန်းလွင်–ဒေါ်မူမူရှိန်တို့၏ မောင်၊ ဦးလှိုင်မြင့်–ဒေါ်နုနုယဉ်၊ ဦးအောင်ကျော်မင်း–ဒေါ်အေးအေးနွယ်၊ ဦးကျော်ဇင်ထွေးတို့၏ အစ်ကို၊ မြောက်ဒဂုံ၊ (၃၀) ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်(၅)၊ အခန်း(၆)နေ ဒေါ်တယ်နီကိုကြီး၏ခင်ပွန်း၊ ဗိုလ်လောင်းဟိန်းမြတ်ရှိန်(စတုတ္ထနှစ်၊ တပ်မတော်နည်းပညာတက္ကသိုလ်)၊ မသဥ္ဇာမြတ်ရှိန်(ပနှစ်စီးပွားရေးတက္ကသိုလ်)၊ မောင်တင့်မော်မြတ်ရှိန် (သတ္တမတန်း၊အထက–၃၊ မြောက်ဒဂုံ) တို့၏ ဖခင်သည် ၂၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စိမ်းယဉ်(၉၄)နှစ်

(ဖန်းမော်)

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာ၊ တိုက်–၁၈(ဘီ)နေ (ဦးတုတ်–ဒေါ်ဘူး)တို့၏သမီး၊ (ဦးစိန်ကဲ)၏ဇနီး၊(ဦးသိန်းဟန်)–ဒေါ်ကြင်သန်း၊ (ဦးကြာ ညွန့်–ဒေါ်ခင်မြင့်မြင့်)၊ ဒေါ်ခင်ခင်သောင်း၊ (ဦးတင်ဝင်း)–ဒေါ်ခင်မြမြ၊ ဦးအုန်း ကျော်–ဒေါ်သန်းသန်းနွယ်၊ ဦးလှမြင့်ဆွေ(ဌာနမှူး၊ မြို့တော်စည်ပင်)–ဒေါ်ဆွေဆွေ ရှိန်၊ ဦးဇော်မင်းသိမ်း(စာတည်းမှူးချုပ်၊ ကြေးမုံသတင်းစာ)–ဒေါ်မူမူသန်းတို့၏ မိခင်၊ မြေး၂၇ယောက်တို့၏ အဘွားသည် ၂၂–၈–၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၂၄–၈–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက် မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

ဦးအောင်မြင့်(ခ) Freddy Mg Mg

B.E (Electrical Power)

အသက်(၅၈)နှစ်

စိန့်ပေါလ်ကျောင်းသားဟောင်း

လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင်

သီတဂူသာသနာပြုအဖွဲ့ အမှုဆောင်လူကြီး၊ သီတဂူကျောင်း ဒါယကာ

ပဋ္ဌာနကာယ သာသနာ့ဗိမာန်ကျောင်းဒါယကာ

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ်(၃၀)နေ (ဦးမောင်မောင်–ဒေါ်ဒေါ်ငြိမ်း)တို့ ၏တစ်ဦးတည်းသောသား၊ (ဦးအောင်ပွင့်–ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်ဖြူသီ၏ချစ်လှစွာသော ခင်ပွန်း၊ မခင်စောယုအောင်–ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်–ကိုဝေလွင်၊ မအေးမို့မို့အောင်(တေးသံရှင်မို့မို့)တို့၏ ဖခင်၊ မခင်ဇာဝေအောင် (WEB Star University, Chiam- Thailand)၊ မစုနှင်းထွဋ်အောင်(Grade IX-D, အထက–၂၊လသာ)၊ မယုဝေအောင်(Grade VIII-A, အထက–၂၊လသာ)၊ မောင်အောင်ကိုကို (Grade IV-F,YEIC)၊ မောင်အောင်ဘိုဘို(Primary II-H, ILBC)တို့၏အဘိုး ဦးအောင်မြင့်သည် အာရုတော်ဝင်အထူးကုဆေးခန်း၌ ၂၂–၈–၂၀၀၄ရက် မွန်းလွဲ၂း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၈–၂၀၀၄(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(ဦးအောင်မြင့် လူပျံတော်ပတ္တမြားဆေးတိုက်၊ လမ်းမတော်မြို့နယ်မှ မွန်းလွဲ ၂း၃၀နာရီ၊ ၃၃လမ်းလက်ဖက်ရည်ဆိုင်မှ မွန်းလွဲ ၂း၄၅နာရီနှင့် အထက်ပါ နေအိမ်မှ ညနေ ၃နာရီတို့တွင် ကားများထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်မြင့်(ခ) Freddy Mg Mg

B.E(Electrical Power)

အသက် (၅၈)နှစ်

စိန့်ပေါလ်ကျောင်းသားဟောင်း

လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင်

နိကာယ်သာသနာတော်ထွန်းကားပြန့်ပွားရေးအသင်းကြီးနာယက

သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး၊ သီတဂူကျောင်းဒါယကာ

ပဋ္ဌာနကာယသာသနာ့ဗိမာန်ကျောင်းဒါယကာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ်(၃၀)၊ နေ (လူပျံတော်ပတ္တမြား၊ သဒ္ဓါမိကဦးမောင်မောင်–ဒေါ်ဒေါ်ငြိမ်း)တို့၏ သား၊ (ဦးအောင်ပွင့်–ဒေါ်ကျင်ရွှေ)တို့၏ သားသမက်၊ ဒေါ်ဖြူသီ၏ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်ကြီးမောင်သောင်း)–ဒေါ်တင်တင်မြတို့၏ချစ်လှစွာသောမောင်၊ ဦးစိုးဝင်း–ဒေါ်မြင့်ကြည်၊ ဦးသိန်းဌေး–ဒေါ်ဆွေဆွေဦးတို့၏ချစ်လှစွာသော အစ်ကိုကြီး၊ တူ၊ တူမ ရှစ်ယောက်တို့၏ချစ်လှစွာသောဦးကြီး ဦးအောင်မြင့်သည်၂၂–၈–၂၀၀၄ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်ပါ၍ ၂၆–၈–၂၀၀၄(ကြာသပတေးနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု။

ဦးအောင်မြင့်ဦး (၄၆)နှစ်

(ဒု–လ/ထ အကောက်ခွန်မှူး)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့၊ အမှတ်(၅)၊ ဒေါနလမ်းနေ (ဦးခင်ဦး)–ဒေါ်တင်တင်မြင့်တို့၏ သားကြီး၊ မြင်းမူမြို့နေ ဦးသန်းဝင်း–ဒေါ်တင့်တင့် ဦး၊ ကိုစိုးမြင့်ဦး–မစိုးစိုးသန်း၊ ကိုမျိုးမြင့် ဦး–မမာလာထွန်းတို့၏ အစ်ကိုကြီး၊ မောင်ရဲထွန်းဦး–မခင်စန္ဒာ၊ မောင်ဇော်လင်းဦး–မတင်တင်လင်း၊မောင်အောင်မျိုး–မယုမာအောင်မြင့်ဦး၊ မဆုမာအောင်မြင့်ဦး၊ မခေမာအောင်မြင့်ဦးတို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဒေါ်တီတီမာ၏ခင်ပွန်းသည် ၂၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၄–၈–၂၀၀၄(အင်္ဂါနေ့) ညနေ ၃း၃၀နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အင်းစိန်ဆေးရုံမှ ကားများ ညနေ ၃နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Salai Peng Uk (ဆလိုင်းပိုင်အုပ်)(၃၄)နှစ်

B.A(Q) History(1994)၊ မတူပီ

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ဝလံတဲကျေးရွာနေ ဦးအောင်ဖေ–ဒေါ်ဇိုပြန်းအီးတို့၏သားကြီး၊ ဆလိုင်းအောင်ဆန်းထန် [B.Sc(Bot)]၊ မရွှေပါရ်၊ မတင်တင်မြ၊ မောင်ဆန်ဘိခ်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် (၂)၊ အခန်း(၁၉)၊ မြကန်သာအိမ်ရာ၊ ဆင်ရေတွင်းနေ ဦးဒိုင်ထုန်း–ဒေါ်ရွှေမဲန်းတို့၏တူ ဆလိုင်းပိုင်အုပ်သည် ၂၃–၈–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော် ပါ၍ ၂၄–၈–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သင်္ချိုင်း သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (ကမာရွတ်နေအိမ်မှကားများ မွန်းလွဲ၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်တင်(ခ)လျိုဖူချိန် အသက်(၇၀)

(လားရှိုး)

ရန်ကုန်မြို့၊ တိုက်(၉)၊ အမှတ်(၃၀–ဘီ)၊ တတိယလွှာ၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ ဒေါ်လှလှ(ခ)လီခင်လှ၏ခင်ပွန်း၊ (ဦးတင်ဦး)၊ ဦးတင်လတ်–ဒေါ်တင်တင်မိုး(မိုးရတနာစတိုး)၊ ဦးသန်းဌေး–ဒေါ်လီလီ(ဒိုင်းမွန်း အင်ပါယာ၊ ငွေ၊ဇာ၊ပုလဲရတနာဆိုင်)၊ (ဦးတင်ထွေး)၊ ဦးတင်ထွန်း – ဒေါ်ကောင်းကျင်ဗု၊ ဦးတင်စိန်–ဒေါ်ရီ၊ ဦးရုံးရွှေ–ဒေါ်ရင်ရင်တို့၏ မွေးသဖခင်၊ မြေး ၁၄ယောက် တို့၏ အဘိုးသည် ၂၀–၈–၂၀၀၄ရက် တွင် ကွယ်လွန်ပါ၍ ၂၅–၈–၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစိန်သွင်(ခ)ဦးပါလေး အသက်(၆၈)နှစ်

သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး

အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်

ရန်ကုန်မြို့၊ ကန်တော်ကလေး (၉၃)လမ်း၊ အမှတ်(၁၁၆)နေ (ဦးဘထွန်း–ဒေါ်နှင်းကြိုင်)တို့၏ သား၊ မန္တလေးမြို့နေ ဦးမြင့်သောင်း–ဒေါ်ခင်အုန်းတို့၏ သားသမက်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၃)လမ်း၊ အမှတ်(၉၀–စီ)နေ ဒေါ်ဝင်းမာ၏ ချစ်လှစွာသောခင်ပွန်း၊ မဖြိုးမာလာသွင်၊ မဖြိုးကေသီသွင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး သီတဂူဦးစိန်သွင်(ခ)ဦးပါလေးသည် ၂၂–၈–၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း နှင့် သီတဂူအဖွဲ့ဝင်များအားလုံး လိုက်ပါပို့ဆောင်ကြပါရန်။သီတဂူသာသနာပြုအဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဆောင်းပါးအညွှန်း

သမိုင်းမော်ကွန်း

ဒီကနေ့လို ကာလမျိုးမှာ အမျိုးသား သင့်မြတ်စည်းလုံးရေး လမ်းမှန်ပေါ်ကို ရောက်မလာသေးတဲ့ အဖွဲ့အစည်းများ၊ အင်အားစုများအနေနဲ့ အစွဲအလမ်းဟောင်းတွေကိုစွန့်လွှတ်ပြီး မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာဖို့ အကြောင်းတရားဖြစ်တယ်၊ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေတဲ့ သမိုင်းမော်ကွန်းဖြစ်တယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။

အောင်မိုးစံ၏ "နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း(၈)" **ဆောင်းပါး–စာမျက်နှာ (၆)**

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့် အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (MMCWA) နှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့် ICPD+10 အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲ (Youth Forum) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့် ICPD + 10 အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသော လူငယ်လူရွယ် ကျန်းမာရေး ပညာပေး ပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များ လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဩဂုတ် ၂၃ရက်က မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

စက်သုံးဆီ ခြိုးခြံ ချွေတာရေး

- ▲ ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။
- ▲ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂ စီးရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ ဒသမ ၅ သန်း သက်သာမည်။
- ▲ ထိုငွေဖြင့် ရေဝတီ မြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်နိုင်ပါသည်။

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ❋ သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- ❋ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ❋ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
- ❋ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ရန်ကုန်မြို့ ပတ်ရထား တိုးချဲ့ပြေးဆွဲရန် စီစဉ်လျာထား ရန်ကုန်–မန္တလေး ရထားလမ်းပိုင်း နွေးလမ်းဖောက်လုပ်မည်

ရန်ကုန် ဩဂုတ် ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ တက်ရောက်ကြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းဌာနများမှ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲**